ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ (4-3-2012) (၇၀၅၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်ကို ဒီမိုကရေစီစနစ် ကူးပြောင်းလျက်ရှိရာတွင် မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ တည်ဆောက်ဖော်ဆောင်နိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်သည် အရည်အသွေးပြည့်ဝရန် အလွန်အရေးကြီး

ရေးသားဖော်ပြရာတွင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို အမြဲယှဉ်တွဲကျင့်သုံး

ရန်ကုန် မတ် ၃

ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ ဆုရစာပေပညာရှင်များ၊ ဆရာဝန်တင်ရွှေ မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဒသမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ စာပေသည် နိုင်ငံအတွက်ရော၊ နိုင်ငံတကာအတွက်ပါ အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိနေကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်ပြီး စာပေသည် ပညာ၊ နည်းပညာ၏ အခြေခံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာ၊ နည်းပညာမြင့်မားတိုးတက်စေရေးအတွက် ကျေးလက်နေပြည်သူများအထိ လူငယ်လူရွယ်တိုင်း အခြေခံပညာကို လက်လှမ်းမီသင်ကြားနိုင်စေရန်နှင့် အဆင့်မြင့်ပညာကိုလည်း အခက်အခဲ အနည်းဆုံးဖြင့် သင်ယူနိုင်စေရန် တပ်မတော်အစိုးရလက်ထက်က အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင် အရေအတွက်မှ အရည်အချင်းသို့ တိုးတက်ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာ့လူ့ဘောင်တစ်ခုလုံး အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရေးအတွက် ကျေးရွာစာကြည့်တိုက်များ ထူထောင်ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာအားလုံးနီးပါးတွင် စာကြည့်တိုက်များ တည်ထောင်ပြီးဖြစ်ကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာအောင်လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အမျိုးသားစာပေဆု ၁၅ ဆုနှင့် စာပေဗိမာန်စာပေဆု ၁၃ ဆုတို့ကို ရွေးချယ်ဆုချီးမြှင့်လျက်ရှိကြောင်း၊ ဂျာနယ်များအတွက်လည်း ယခုနှစ်မှစတင်၍ အမျိုးသားသတင်းဆုကို ရွေးချယ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့သော် ယနေ့ရေးသားထုတ်ဝေနေသည့် စာအုပ်များမှာ တစ်နှစ်လျှင် အမျိုးအစား ၄၀၀၇ မျိုးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

အ င် တ ါ န က် သ တ င် း ➢➢ ဘာသာပြန် - ရောမောင်

မြေငလျင်ဗဟိုချက်ဖြစ်ပေါ်ခဲ့သော ပင်လယ်ကြမ်းပြင်ကို လေ့လာမည်

တိုကျို မတ် ၃

လွန်ခဲ့သည့်နှစ်က ဂျပန်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော အင်အားပြင်း မြေငလျင်နှင့် ဆူနာမီရေလှိုင်းတို့၏ အကျိုးသက်ရောက်မှုများကို ဂျပန်နှင့် ဂျာမနီနိုင်ငံတို့မှ သိပ္ပံပညာရှင်များ ပူးတွဲ၍ ကွင်းဆင်းလေ့လာမည်ဖြစ်ကြောင်း မတ် ၃ ရက် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်နှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း၏ အရှေ့မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ **စာမျက်နှာ ၉ ကော်လံ ၅ သို့**

ဂျပန်ကမ်းလွန်၌ မြေငလျင်၏ အကျိုးဆက်များကို လေ့လာမည့် သုတေသနသင်္ဘောကို တွေ့ရစဉ်။

ယ နေ့ သ တ င် း အ ညွှ န် း

အင်ဒိုတိရစ္ဆာန်ရုံတွင် သေဆုံးသည့် သစ်ကုလားအုတ် ဝမ်းဗိုက်အတွင်းမှ ပလတ်စတစ်များ တွေ့ရ — နိုင်ငံတကာသတင်း စာမျက်နှာ ၇

ကမ္ဘာ့သမုဒ္ဒရာအတွင်း အက်စစ်ဓာတ် ပျော်ဝင်မှုနှုန်း လွန်ခဲ့သည့်နှစ် သန်း ၃၀၀ ကထက် ပိုမြင့်လာ — နိုင်ငံတကာသတင်း စာမျက်နှာ ၅

ဒီနေ့စမယ် သန်း ၆၀ — မပြောမပြီး မတီးမမြည် စာမျက်နှာ ၆

မြန်မာကာရာအိုကေ၊ အငြိမ့်၊ လက်ဝှေ့ ခိုးကူးချပ်များ၊ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာမျက်နှာ ၉

ကြေးမုံ စာတည်း ရှုထောင့်

၄-၃-၂၀၁၂(တနင်္ဂနွေနေ့)။

အပြောင်းအလဲ ရာသီဝယ်

တပေါင်းနွေသို့ ရောက်ရှိလာပြီ။ ညဘက်တွင် အေးစိမ့်စိမ့်ရှိလှသော်လည်း နေ့လယ်နေ့ခင်းတွင် အပူရှိန်ပြင်းလာပြီ။ အပူဒဏ်ကြောင့် မလိုလားအပ်သည့် အကျိုးဆက်များ ဖြစ်ပေါ်နိုင်သဖြင့် ကျန်းမာရေး ကောင်းမွန်ရန် စနစ်တကျ နေထိုင်သွားလာသင့်ကြသည်။

နေ့ခင်းဘက်တွင် နေအိမ်အဆောက်အအုံများမှ ပြင်ပသို့ ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်စသည်များ ဆောင်း၍ သွားလာကြရန်လိုအပ်သည်။ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာများ၌ နေထိုင်သင့်သည်။

အပူစုပ်တတ်သည့် အနက်ရောင်အဝတ်အစားများ၊ ကျပ်ထုပ်နေသည့် အဝတ်အစားများ ဝတ်ဆင်ခြင်းသည် ကျန်းမာရေးထိခိုက်နိုင်သဖြင့် သတိပြုကြရပေမည်။ အလင်းရောင်ပြန်သော အဖြူရောင်အဝတ်အထည်များ၊ အရောင်ဖျော့ဖျော့အဝတ်အစားများ၊ ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ခြင်းတို့ ပြုလုပ်သင့်သည်။

ထို့အပြင် နေပူထဲမှပြန်လာပြီး ရေခဲရေဖြင့် မျက်နှာသစ်ခြင်း၊ ချက်ချင်း ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ နေ့ခင်းဘက်တွင် ပူလွန်းသဖြင့် မြစ်များ၊ ချောင်းများအတွင်း ရေဆင်းကူးခြင်း၊ ရေစိုအဝတ်ဖြင့် ခြုံအိပ်ခြင်းများသည်လည်း အန္တရာယ်ဖြစ်စေသဖြင့် ရှောင်ကြဉ်သင့်သည်။ ရာသီဥတုပူပြင်းလာသည့်အခါ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားနိုင်သည်။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်းတို့အပြင် ဆင်ခြင်မှုမရှိပါက အသက်အန္တရာယ်ဖြစ်စေနိုင်သဖြင့် ဂရုပြုကြရန်လိုအပ်သည်။

အပူဒဏ်ကြောင့် ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ခြင်း၊ မိတ်ဖုယားနာများထွက်ပါက ရေအေးအဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ ပြုလုပ်နိုင်သည်။ အကယ်၍ ချွေးထွက်လွန်ပြီး ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုဖြစ်သည့်အခါ ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်သုံးသင့်သည်။ အထူးသဖြင့် အပူဒဏ်ကြောင့် သတိလစ်ခြင်းနှင့် အတက်ရောဂါတို့ဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အန္တရာယ်ရှိသဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန်လိုအပ်သည်။

ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ရာ တစ်ကိုယ်ရေကျန်းမာမှု ဂရုပြုကြရပါမည်။ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးကုသခြင်းဖြစ်ရာ ရောဂါမဖြစ်ပွားစေရေး သတိပြုလိုက်နာနေထိုင်သွားလာသင့်သည်။ ရာသီဥတုပူပြင်းလာချိန်တွင် အပူဒဏ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များနှင့်အညီ စနစ်တကျ ဝတ်စားသွားလာနေထိုင်ကြခြင်းဖြင့် လူတိုင်းကျန်းမာ စိတ်ချမ်းသာမှု ရရှိနိုင်မည်ဟု ရှုမြင်ပါသည်။ ။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၄)လမ်း၌ ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို ကြည့်ရှုအားပေးသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ လှိုင်သာယာနှင့် သဃ်န်းကျွန်းမြို့နယ်တို့၌ တစ်ပြိုင်တည်းပြုလုပ်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် ရန်ကုန်မြို့ ဟံသာဝတီလမ်းရှိ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းနှင့် အင်းစိန်မြို့နယ်ရှိ နံ့သာကုန်း စက်ဘီးနှင့် ယာဉ်ပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့လမ်းဆုံမှ ဓမ္မာရုံမှတ်တိုင်အထိ လမ်းအရှည်ပေ ၂၇၀၀ နှင့် အကျယ် ၆၈ ပေရှိ သုဓမ္မာလမ်းအပိုင်းအား ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း တိုးချဲ့ဆောင်ရွက်နေမှု၊ လမ်းအရှည်ပေ ၁၆၅၅၀ ရှိ ဗိုလ်မှူးဗထူးလမ်းအား အကျယ် ၄၈ ပေ လေးလမ်းသွား လမ်းတိုးချဲ့နေမှု၊ အဆိုပါလမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် တိုးချဲ့တူးဖော်နေမှုနှင့် မြေအောက်သောက်သုံးရေပိုက်လိုင်းများ ရွှေ့ပြောင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဧရာဝဏ်လမ်းရှိ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ၊ သဃ်န်းကျွန်းမြို့နယ်ရှိ ကမာကြည်တံတားမှ သံသုမာလမ်းအထိ လမ်းအရှည် ပေ ၂၇၅၀နှင့် အကျယ် ၂၂ ပေရှိ ကမာကြည်လမ်း ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် တာမွေမြို့နယ်ရှိ ကျိုက္ကဆံယာဉ်နှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်သည့် ငမိုးရိပ်တံတား (ပါရမီ) တည်ဆောက်ရေးလုပ်ငန်းများနှင့် ကန်တော်ကြီးသဘာဝဥယျာဉ် Elephant Plaza ရှိ နုန်းမြေများ ဆယ်ယူရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ငမိုးရိပ်တံတား (ပါရမီ) တည်ဆောက်ရေးလုပ်ငန်းမှာ လေးဆယ်ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန် ကုန် တိုင်း ဒေသကြီး စည်ပင် သာယာရေးဝန်ကြီး ဌာန ဝန်ကြီး ဦး လှ မြင့် လှိုင် မြို့ နယ် အမှတ် (၁၆) ရပ်ကွက် မာလာ မြိုင် (၄) လမ်း၌ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ် တား ဆီး ရေး စုပေါင်းဆောင်ရွက် နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် မတ် ၃

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဌမနေ့ကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်၌ ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၀)တို့ တက်ရောက်ကြသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် လူမှုရေးဆိုင်ရာမေးခွန်း (၁၁)ခု၊ စည်ပင်သာယာရေးဆိုင်ရာ မေးခွန်း (၈)ခုတို့ကို ပြည်နယ်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုရန် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူခြင်းနှင့် အဆိုပါ ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်က အတည်ပြုရန် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက အဆိုတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြပြီး ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ကုန်တင်ယာဉ်များ လိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်မရှိဘဲ တင်ဆောင်မောင်းနှင်ခြင်း မပြုရ။
(၂) ယာဉ်တွင်သတ်မှတ်ထားသည့် ကုန်တန်ချိန်ထက် ပို၍တင်ဆောင်ခြင်းမပြုရ။
(၃) တင်ဆောင်နိုင်သော ကုန်တန်ချိန်ကို ယာဉ်၏လက်ယာဘက်ဘေးတွင် မြင်သာနိုင်သည့်နေရာတွင် ရေးသားရမည်။
(၄) အန္တရာယ်မဖြစ်စေရန် ကုန်ပစ္စည်းတို့ကို ခိုင်မြဲစွာတုပ်နှောင်ထားရမည်။
(၅) (၂)တန်နှင့်အထက် ယာဉ်များသည် ကုန်ပစ္စည်းတင်ဆောင်လျှင် လမ်းပေါ်မှ အမြင့်(၁၂)ပေထက် မပိုစေရ။
(၆) နောက်ပိတ်ဖွင့် မမောင်းနှင်ရ။
(၇) နိုင်ငံတော်အစိုးရမှ တားမြစ်ထားသော ကုန်ပစ္စည်းများမတင်ဆောင်ရ။
(၈) ကုန်ပစ္စည်းအတင်အချကို သတ်မှတ်ခွင့်ပြုထားသည့်နေရာများတွင် ပြုလုပ်ရမည်။ လမ်းပိတ်ဆို့မှု မဖြစ်စေရ။
(၉) သတ်မှတ်ထားသော အမြန်မိုင်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၆၀၀	၀. ၀၃၂၇၂
တရုတ် (ယွမ်)	၆. ၂၉၉၂၀	၀. ၁၅၈၇၅
အိန္ဒိယ (ရူပီး)	၄၉. ၅၁၀၀	၀. ၀၂၀၂၀
မလေးရှား (ရင်းဂစ်)	၃. ၀၀၂၀၀	၀. ၃၃၃၁၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၂၁၀	၀. ၇၉၈၆၆
ဂျပန် (ယန်း)	၈၁. ၇၉၀၀	၀. ၀၁၂၂၃
တောင်ကိုရီးယား(ဝမ်)	၁၁၁၅. ၄၅	၀. ၀၀၀၉၀
ယူရို	၀. ၇၅၇၄၅	၁. ၃၂၀၂၂
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၅၃	၁. ၅၈၃၄၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၃-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၄ နိုင်ငံတော်သီချင်း
၇း၀၅ တရားတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ဇာတ်လမ်းတို
၁၁း၀၄ နိုင်ငံတော်သီချင်း
၁၁း၂၀ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃၆)
၁၁း၅၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-တေးသွားတစ်ပုဒ်ဖန်ဆင်းခြင်း
၁း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရှင်သန်နေသရွေ့ (အပိုင်း-၅)
၅း၃၀ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၃၀ ဘဝကြေးမုံ
(တမလွန်မှပေးစာများ)
(ဖြိုးငွေစိုး၊ စွမ်းရည်၊ နှင်းထက်ထက်ဝေ နှင့် သရုပ်ဆောင်များ)
[ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
၆း၅၀ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၅၈)
-ယနေ့ရန်ကုန်မြင်ကွင်းစုံ
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ‘ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်’ (အပိုင်း-၂)

မိုးပွင့်အဆင့်(၂)စီမံချက် ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ မတ် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၂) စီမံချက်အရ ကျေးရွာအုပ်စုများသို့ သွားရောက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပခုက္ကူခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်မော်ထွန်းသည် ဖေဖော်ဝါရီ ၁၈ ရက်က ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်သတိပြုလိုက်နာရမည့်အချက်များအား ရှင်းလင်းပြောကြားပြီး **(ယာပုံ)** မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းဟံရွှေနှင့် ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

(ဖေထွဏ်းဇော်)

ဖောက်လုပ်ပေးထားသည့် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှုမရှိအောင် ထိန်းသိမ်း

စိုက်ပျိုးရေးကဏ္ဍတွင် သမားရိုးကျ စိုက်ပျိုးရေးမှ အထွက်တိုးစပ်မျိုးစပါးများ စမ်းသပ်စိုက်ပျိုး

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၌ ရောက်ရှိနေသော ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် မုံကြိုင်းကျေးရွာနှင့် သင်တီးကန်ကျေးရွာများသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် နောရိုးကျေးရွာနှင့် တုန်းကန်ကျေးရွာများသို့ လည်းကောင်း သွားရောက်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစာသင်ကျောင်းများပြုပြင်၊ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်ချက်များ၊ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှုများ၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ပြုပြင်မွမ်းမံရန် လိုအပ်ချက်များကို ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒေသခံပြည်သူများအနေဖြင့် ကျောင်းသားလူငယ်များ ဆုံးခန်းတိုင် ပညာသင်ကြားတတ်မြောက်နိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ အသိဗဟုသုတ တိုးတက်ပြီး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်ရေး၊ ထူထောင်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မိမိတို့ကျေးရွာ၏ ဒုတိယဘုန်းတော်ကြီးကျောင်းအဖြစ် မှတ်ယူပံ့ပိုးပြီး ရေရှည်ရှင်သန်ခိုင်မာအောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ဖောက်လုပ်ပေးထားသည့် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် သမားရိုးကျစိုက်ပျိုးရေးမှ အထွက်တိုးစပ်မျိုးစပါးများ စမ်းသပ်စိုက်ပျိုးထုတ်လုပ်ရေး၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးစသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ကျေးရွာများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် သင်တီးကန်ကျေးရွာ မူလတန်းကျောင်းဆောင် ပြုပြင်ရန်အတွက် ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ နောရိုးကျေးရွာ မူလတန်းလွန်ကျောင်း တိုးချဲ့ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ တုန်းကန်ကျေးရွာ မူလတန်းလွန်ကျောင်းဆောင် ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ကျေးရွာများရှိ စာကြည့်တိုက်များအတွက် စာအုပ်တင်စင်များကို လည်းကောင်း ပံ့ပိုးလှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းရှိ ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက် တာဝန်ခံသုတေသနအရာရှိ ဦးဌေးဝင်းမောင်တို့က ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ) ဖွင့်လှစ်ပြီးနောက်ပိုင်း ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာမှု၊ ပုခန်းကြီးမြို့ဟောင်း နယ်မြေအတွင်းရှိ အင်းဝ၊ ညောင်ရမ်းခေတ် ဘုရားပုထိုးစေတီများအား မွမ်းမံထိန်းသိမ်းနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပုခန်းကြီးမြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ရှေးမူမပျက် ဆက်လက်ပြုပြင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက်တွင် ခင်းကျင်းပြသထားသည့် ကျောက်ခေတ်သစ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ကာလ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ပုခန်းကြီးရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့နှင့် အင်္ဂါနေ့များမှအပ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ပြည်ပခရီးသွားတစ်ဦးလျှင် ဖုန်ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန် ငါးဒေါ်လာ၊ ပြည်တွင်းခရီးသွားလူကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀ နှင့် ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀၀ သတ်မှတ်ထားပြီး ကျောင်းသား ကျောင်းသူများအား အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းရှိ ပုခန်းကြီး ရှေးဟောင်းသုတေသန ပြတိုက်၌ ကြည့်ရှုစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဂျာနယ် ၇၃၀၀ ကျော်ရှိရာ နိုင်ငံတော်က ချီးမြှင့်နိုင်သည့် ဆုအရေအတွက်မှာ နည်းနေသေးကြောင်း၊ အဆိုပါ လစ်ဟာနေသည့် ကွက်လပ်ကို ဆရာဝန်တင်ရွှေ စာပေဆုက ဖြည့်ဆည်းချီးမြှင့်ပေးသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံ စာပေဆုများကိုလည်း ချီးမြှင့်ဂုဏ်ပြုလျက်ရှိရာ ဆက်လက်ပေါ်ထွက်လာမည့် စာပေဆုဖောင်ဒေးရှင်းများကိုလည်း ကြိုဆိုပါကြောင်း။

ယခုအခါ နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ကို ကူးပြောင်းလျက်ရှိရာတွင် မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ တည်ဆောက်ဖော်ဆောင်နိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်သည့် အရည်အသွေးပြည့်ဝရန် အလွန်အရေးကြီးပါကြောင်း၊ စာနယ်ဇင်းများ၏ စံများဖြစ်သည့် ဘက်မလိုက်ရန်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြသည့်အခါ ပြည်သူများ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရေးအတွက် ရှုထောင့်တစ်ခုထဲမှ မရေးဘဲ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြရန်၊ ထိုသို့ ရေးသားဖော်ပြရာတွင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို အမြဲယှဉ်တွဲကျင့်သုံးရန်၊ ဒီမိုကရေစီစနစ်အရ လွတ်လပ်စွာ တွေးတောထင်မြင်ယူဆနိုင်ခွင့်ရှိသော်လည်း Unity in Democracy ရှိရန်၊ Unity in Democracyကို ဦးတည်သည့်အခါ အမျိုးသားရေးကို အခြေခံရန် စသည့်အချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ စာပေဆုရှင် ဆရာဝန်တင်ရွှေကို မိမိလေးစားကြောင်း၊ ဆရာဝန်တင်ရွှေသည် ဆေးပညာရှင်များ တန်ဖိုးထားသည့် ဘွဲ့များရခဲ့ပြီး ဆရာဝန်တစ်ယောက်အနေနှင့် ဆေးပညာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း၊ တစ်ဖက်ကလည်း ပြည်သူ့အကျိုးကို စာပေနှင့် ထမ်းဆောင်ခဲ့ကြောင်း၊ အများပြည်သူအတွက် စေတနာဖြင့် သုတ၊ ရသ စာပေများရေးသားခဲ့သလို လူငယ်များ ဗဟုသုတရစေရန် ဉာဏ်ရည်မြင့်စာပေများ၊ ဆေးပညာစာပေများ၊ ဘာသာရေးတွင်လည်း ထေရဝါဒဗုဒ္ဓဘာသာကို ခိုင်မာတည်တံ့အောင် ရေးသားခဲ့ကြောင်း၊ နိုင်ငံနှင့်ပြည်သူ့အတွက် စာပေနှင့်တာဝန်ကျေခဲ့သလို ပရဟိတလူမှုရေး အလုပ်များကိုလည်း ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးလုပ်ငန်းများကိုလည်း တာဝန်ယူလုပ်ဆောင်ခဲ့သည့် စေတနာရှင်တစ်ဦးဖြစ်ကြောင်း၊ စာရေးဆရာဖြင့် တာဝန်ကျေသလို နိုင်ငံ့သားကောင်း တစ်ယောက်အနေဖြင့် ပရဟိတလုပ်ငန်းများတွင် လုပ်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း၊ နိုင်ငံတော်၏ စာပေဆုချီးမြှင့်သည့် လစ်ဟာနေသည့်နေရာများကို ဆရာဝန်တင်ရွှေ မိသားစုက ဆရာဝန်တင်ရွှေ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခုနှစ်တွင် တစ်သက်တာစာပေဆုဖြစ်သော စာပေဂုဏ်ဆောင်ဆုတစ်ဆုကို စာရေးဆရာ ကဗျာဆရာကြီး ဇော်ဂျီအား ဆုချီးမြှင့်သည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေနှင့် ဆရာ့စာပေကို လေးစားပြီး ယခုကဲ့သို့ စာပေဆုများ နှစ်စဉ်မပျက်ချီးမြှင့်နိုင်ပါစေကြောင်းနှင့် မိမိတို့အနေနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "ချစ်ဆိပ်ရည်သင့်သူများ"စာအုပ်ဖြင့် ဆုရရှိသည့် ဒေါက်တာဝင်းဆွေအား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက "ကြံ့ရဆုံရ ကျွန်တော့်နှစ်ဘဝ" စာအုပ်ဖြင့် ဆုရရှိသည့် ပါမောက္ခသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က "တောကြောင် မောင်ကျောက်ခဲနှင့် အခြားစာစုများ" စာအုပ်ဖြင့် ဆုရရှိသည့် ကြည်စိုးထွန်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က"Myanmar and the Europeans" စာအုပ်ဖြင့် ဆုရရှိသည့် လှသိန်းကိုယ်စား ဦးခင်မောင်ရီနှင့် ဆရာဝန်တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်က တစ်သက်တာ စာပေဆုဖြစ်သော "စာပေဂုဏ်ဆောင်ဆု"ရရှိသည့် စာရေးဆရာ ကဗျာဆရာကြီး ဇော်ဂျီကိုယ်စား မြေးဖြစ်သူ ဒေါ်လှယဉ်မင်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ "ကြံ့ရဆုံရ ကျွန်တော့်နှစ်ဘဝ" စာအုပ်ဖြင့် ဆုရရှိသည့် ပါမောက္ခသိန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ဆရာဝန်တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်က စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား ဒေါက်တာကျော်စိန်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ဆုရစာရေးဆရာများနှင့် ဆရာဝန် တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၃-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-သတင်း
၅း၄၀ "အပယ်ပိတ်"တရားတော် [(နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌဒေါက်တာ ကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)]
၈း၄၅ The Shop Around The Corner
၉း၃၅ ပျော်ရွှင်စွာဆင်နွှဲ ILBC Pre-school ပဒေသာကပွဲ
၁၀း၁၅ ဘဝအတွက် အားထားရာ EAC
၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့် လှစေသူ" (အပိုင်း-၃)**
၄း၀၀ MNL MYANMAR 2012 (ChinUnited Vs Manaw Myay) (LIVE)
၆း၀၀ **MRTV-4 သတင်း**
၆း၁၅ Sunday Talk (စံဇာဏီဘို၊ မျိုးမြတ်သူ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၁)**
၇း၂၀ **ဗီဒီယိုပြခန်း**
၇း၄၀ L.S.S Golden Kick's of Future အနာဂတ်၏ ကန်ချက်များ
၈း၀၀ **MRTV-4 သတင်း**
၈း၃၀ သွားမယ်စားမယ် (Sabai DMZ THAI RESTAURANT)
၈း၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၈)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှာနံရာ" (အပိုင်း-၈၈)**
၁၀း၃၀ Barclays Premier League (Chelsea Vs Man-U)
၁၂း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၂း၅၀ "အရှုံးပေး၍ ချစ်လိုက်သည်" (ရှိုင်းသော်၊ ဝိုင်းဝိုင်းဆုလွင်) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၁း၁၅ FMF Selection

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၂၅	Newcastle	-	Sunderland	ESPN
၈း၃၀	Fulham	-	Wolves	ESPN
၁၀း၃၀	Spurs	-	Man-U	ESPN(MRTV-4)

မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ရွှေဘို၌ကျင်းပ

ရွှေဘို မတ် ၃

ရွှေဘိုမြို့နယ် မီးသတ်တပ်ဖွဲ့က ဦးစီးပြီး အမှတ်(၅)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မြို့ပြရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အခြားစိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မီးသတ်စက်ဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဘူးဖြင့် မီးငြိမ်းသတ်နည်းများကို ပြသသည်။ ဆက်လက်၍ မီးလောင်နေစဉ်အတွင်း အထပ်မြင့်အဆောက်အအုံများမှ မီးဘေးဒုက္ခသည်များကို ရှာဖွေအသက်ကယ်တင်ခြင်းလုပ်ငန်း၊ မီးဘေးသင့်ဒဏ်ရာရနေသူအား ကယ်ဆယ်ခြင်းလုပ်ငန်းများကို စနစ်တကျ လက်တွေ့သရုပ်ပြပြီး **(ဝဲပုံ)** သင်တန်းကာလအတွင်း ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၅၇၂)

လက်နက်များကို ပူးတွဲသုတေသနပြု ထုတ်လုပ်ရန် ဗြိတိန်နိုင်ငံကို ဂျပန်နိုင်ငံ အဆိုပြုထား

တိုကျို မတ် ၃

ဂျပန်နိုင်ငံသည် ဗြိတိန်နိုင်ငံနှင့်အတူ လက်နက်များကို ပူးတွဲသုတေသနပြုထုတ်လုပ်သွားရန် အစီအစဉ်တစ်ရပ် အဆိုပြုထားကြောင်း ဂျပန်နိုင်ငံ၌ထုတ်ဝေသော သတင်းစာတစ်စောင်တွင် ရေးသားဖော်ပြသည်။

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ဧပြီလတွင် ဂျပန်နိုင်ငံသို့လာရောက်သည့်အခါ နှစ်နိုင်ငံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါက ကြိုးပမ်းမည်ဖြစ်ကြောင်း ဆန်ကေးရှင်ဘွန်းသတင်းစာက ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံသည် ၁၅၅မမ (၆ ဒသမ ၂ လက်မ) ဟောင်ဝစ်ဇာအမြောက် အပါအဝင် လက်နက်လေးမျိုးကို ပူးတွဲသုတေသနပြုထုတ်လုပ်သွားရန် အဆိုပြုထားကြောင်း သတင်းစာတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသည် ပြည်ပသို့လက်နက်တင်ပို့ရောင်းချမှုကို နှစ်ပေါင်းများစွာပိတ်ပင်ထားခဲ့ပြီးနောက် ယခုအခါ ယင်းပိတ်ပင်ချက်ကို ဖြေလျှော့ပေးလာရာ ဂျပန်ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာလက်နက်စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ရန် လမ်းပွင့်သွားသည်။

အစုစပ်

ပြည်တွင်းလက်နက်ထုတ်လုပ်ရေးလုပ်ငန်းကိုမြှင့်တင်ကာ ကာကွယ်ရေးအသုံးစရိတ်ကို လျှော့ချနိုင်ရန်ရည်ရွယ်လျက် ဂျပန်ကုမ္ပဏီများအား နိုင်ငံခြားကုမ္ပဏီများနှင့် အစုစပ်ပြုကာ လက်နက်ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ရန် အစိုးရက ခွင့်ပြုပေးတော့မည်ဖြစ်သည်။

အင်တာနက်။

ဂျပန်နိုင်ငံ၌ ကာကွယ်ရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အများဆုံးထုတ်လုပ်သော မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီ၏ စက်ရုံတစ်နေရာကို တွေ့ရစဉ်။

ယီမင်နိုင်ငံရှိ တပ်စခန်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား

ဆာနား မတ် ၃

ယီမင်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရီပတ်ဘလီကန်အစောင့်တပ်ဖွဲ့၏ စခန်းတစ်ခု၌ မတ် ၃ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အဆိုပါစခန်းရှိ သုံးထပ်အဆောက်အအုံတစ်လုံး ပျက်စီးခဲ့ရကြောင်း ယီမင်စစ်ဘက်က ပြောကြားသည်။

ယီမင်နိုင်ငံ မြို့တော်ဆာနားအနောက်တောင်ဘက် ကီလိုမီတာ ၁၇၀ အကွာ ဘေဒါမြို့ရှိ စစ်စခန်း၌ လူတစ်ဦးက ပေါက်ကွဲစေနိုင်သောပစ္စည်းများကို တင်ဆောင်လာသည့် မော်တော်ကားဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကြည်းတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုရှိမရှိ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

သေနတ်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ဗုံးပေါက်ကွဲမှု ပေါ်ပေါက်ခဲ့သည်။ **အင်တာနက်။**

အမေရိကန်အလယ်ပိုင်း၌ လေဆင်နှာမောင်းတိုက်၊ မြို့ငယ်နှစ်မြို့ အကြီးအကျယ်ပျက်စီး၊ ၂၈ ဦးသေဆုံး

ချီကာဂို မတ် ၃

အမေရိကန်နိုင်ငံအလယ်ပိုင်း၌ အင်အားပြင်းထန်သော လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ မြို့ငယ် နှစ်မြို့၌ အကြီးအကျယ်ပျက်စီးခဲ့ပြီး ၂၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အင်ဒီးယားနားပြည်နယ်၌ ၁၄ ဦး သေဆုံးခဲ့သည်။ မာရီစဗီးလ်မြို့ တစ်မြို့လုံးမှာ ပျက်စီးခဲ့ရပြီး ယင်းမြို့အနီးရှိ ဟင်နရီဗီးလ်မြို့မှာလည်း တစ်မြို့လုံး ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရသည်။

ကင်တပ်ကီပြည်နယ်၌ မုန်တိုင်းများတိုက်ခတ်မှုကြောင့် ၁၂ဦး သေဆုံးခဲ့ရပြီး ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု အလွန်ကြီးမားခဲ့သည်။ မုန်တိုင်းတိုက်ခတ်မည့် ဘေးအန္တရာယ်ကို ကြိုတင်သတိပေးခဲ့ရာ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် စီးပွားရေး လုပ်ငန်းများကို ပိတ်ထားခဲ့ရသည်။

ဟင်နရီဗီးလ်မြို့၌ လေဆင်နှာမောင်း မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

ပျက်စီး

အယ်လ်ဘားမားပြည်နယ်နှင့် တင်နက်ဆီပြည်နယ်တို့၌လည်း မုန်တိုင်းများ တိုက်ခတ်ခဲ့ရာ နေအိမ်များနှင့် ဈေးဆိုင်များ ပျက်စီးခဲ့ရသည်။

ရက်သတ္တပတ်အတွင်း ပထမဆုံး လေဆင်နှာမောင်း မုန်တိုင်းတိုက်ခတ်မှုမှာ မတ် ၁ ရက်ညက ဖြစ်ပွားခဲ့သည်။ ကင်းဆပ်ပြည်နယ်၊ မစ်ဆူရီပြည်နယ်၊ အီလီနွိုက်ပြည်နယ်နှင့် တင်နက်ဆီပြည်နယ်တို့တွင် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ၁၃ဦး သေဆုံးခဲ့ရသည်။

ဆင်ဟွာ။

ဒုံးလက်နက်ကာကွယ်ရေးစနစ်သစ် အစ္စရေးစမ်းသပ်ရန် အသင့်ရှိ

ဂျေရုဆလင် မတ် ၃

အစ္စရေးလေကြောင်း အာကာသစက်မှုလုပ်ငန်းကုမ္ပဏီသည် ဒုံးလက်နက်ကာကွယ်ရေးစနစ်ကို ပထမအကြိမ် စမ်းသပ်ရန် အသင့်ရှိနေကြောင်း အဆိုပါအဖွဲ့က မတ် ၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မြား-၃ ဟု အမည်ပေးထားသော ဒုံးလက်နက်ကာကွယ်ရေးစနစ်ကို မကြာမီတွင် စမ်းသပ်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင် ကာကွယ်ရေးနည်းပညာကုမ္ပဏီဖြစ်သည့် အစ္စရေးလေကြောင်း အာကာသစက်မှုလုပ်ငန်းကုမ္ပဏီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဒုံးလက်နက်ကာကွယ်ရေးစနစ်၏စွမ်းဆောင်မှုကို သိရှိနိုင်ရန် စမ်းသပ်မှုအမျိုးမျိုးကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ မြား-၃ အမျိုးအစား ဒုံးလက်နက်ထုတ်လုပ်ရေး အစီအစဉ်အကြီးအကဲ အစ်ဇက်ကာရာက ပြောကြားသည်။

အစ္စရေးလေတပ်၌ လောလောဆယ်တွင် မြား-၂ အမျိုးအစား ဒုံးလက်နက်ကာကွယ်ရေးတပ်ဖွဲ့ နှစ်ဖွဲ့ကို ဖြန့်ကြက်ထားသည်။

မြား-၃အမျိုးအစား ဒုံးလက်နက်ကာကွယ်ရေးစနစ်သစ်ကို ၂၀၁၅ ခုနှစ် နောက်ဆုံးထား၍ အစ္စရေးလေတပ်၌ ဖြန့်ကြက်နိုင်မည်ဟု မျှော်မှန်းထားသည်။

ဆင်ဟွာ။

အင်ဒို တိရစ္ဆာန်ရုံတွင် သေဆုံးသည့် သစ်ကုလားအုတ် ဝမ်းပိုက်အတွင်းမှ ပလတ်စတစ်များတွေ့ရ

ဆူရာဘာယာ(အင်ဒိုနီးရှား) မတ် ၃

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးတိရစ္ဆာန်ဥယျာဉ်အတွင်း၌ အသက်ကြီးနေပြီဖြစ်သော သစ်ကုလားအုတ်တစ်ကောင်သည် ဝမ်းဗိုက်အတွင်း၌ ကြီးမားသော ပလတ်စတစ်အပုံကြီးတစ်ပုံနှင့် အတူ သေဆုံးရခြင်းမှာ တိရစ္ဆာန်ရုံမှ တာဝန်ရှိသူများကို စိုးရိမ်ပူပန်မှုများဖြစ်စေကြောင်း စနေနေ့ အေပီသတင်းတွင် ဖော်ပြထားသည်။

ကလီဝမ်ဟုအမည်တွင်ပြီး အသက် (၃၀)ရှိနေပြီဖြစ်သော သစ်ကုလားအုတ်အထီးကြီးသည် ကြာသပတေးနေ့၌ မသေဆုံးမီရက်အတန်ကြာ နေထိုင်မကောင်းဖြစ်ခဲ့ကြောင်း အရှေ့ဂျာဗားမြို့တော်မှ ဆူရာဘာယာတိရစ္ဆာန်ရုံ၏ ပြောခွင့်ရပုဂ္ဂိုလ် အန်သန်ဝါဆီသိုက ပြောသည်။

အံ့အားသင့်ဖွယ်မဟုတ်

သစ်ကုလားအုတ်တစ်ကောင်၏ သက်တမ်းသည် အနှစ် (၂၀)မှ (၃၀)အထိဖြစ်ရာ ကလီဝမ်သေဆုံးသည်မှာ အံ့အားသင့်ဖွယ်ရာတော့ မဟုတ်ကြောင်း ဝါဆီသိုက ပြောကြားသည်။

သို့သော် သောကြာနေ့က ၎င်းကို ရင်ခွဲကြည့်ခဲ့ရာတွင် ၄၄ ပေါင် ပမာဏရှိသည့် ပလတ်စတစ်အပုံကြီးကို တွေ့ရပြီး ယင်းပလတ်စတစ်ပုံကြီး၏ အချင်းမှာ ၂၃ လက်မ ရှိသည်ဟု ဆိုသည်။

ယင်းပလတ်စတစ်များသည် တိရစ္ဆာန်ရုံသို့ လာရောက်လည်ပတ်သူများက သစ်ကုလားအုတ်ကြီးကို ကျွေးမွေးရာတွင် အစားအစာများကို ထုပ်ပိုးလာခြင်းဖြစ်ဟန်တူကြောင်း၊ သို့မဟုတ် အမှိုက်ပုံးထဲမှ သစ်ကုလားအုတ်၏ လှောင်အိမ်အတွင်းသို့ ရောက်ရှိလာခြင်းဖြစ်ဟန်တူကြောင်း ဝါဆီသိုက ပြောသည်။

တိရစ္ဆာန်ရုံအတွင်းမှ အခြားသော တိရစ္ဆာန်များကိုလည်း စစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။ **အင်တာနက်။**

ဆူရာဘာယာတိရစ္ဆာန်ရုံအတွင်း၌ ကလီဝမ်သစ်ကုလားအုတ်ကြီးအား အပန်းဖြေသည့်သည်များက အစာကျွေးနေကြစဉ်။

ပြင်သစ်နှင့်ဆက်သွယ်မည့် အမြန်ရထားလမ်းစီမံကိန်း အီတလီအစိုးရအဖွဲ့က ဆက်လက်လုပ်ဆောင်မည်

ရောမ မတ် ၃

အီတလီနှင့် ပြင်သစ်နိုင်ငံတို့အကြား အမြန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခြင်း မပြုရန် ကန့်ကွက်မှုများရှိနေလင့်ကစား မိမိတို့ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယိုမွန်တီက မတ် ၃ရက်တွင် ပြောကြားသည်။

အီတလီနိုင်ငံမြောက်ပိုင်း တူရင်မြို့ကို ပြင်သစ်နိုင်ငံရှိ လီယွန်မြို့နှင့်ဆက်သွယ်မည့် အမြန်ရထားလမ်းသည် ဥရောပနိုင်ငံများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက်လည်းကောင်း အရေးကြီးကြောင်း အဆိုပါစီမံကိန်းများနှင့်ပတ်သက်၍ ဝန်ကြီးများနှင့်အတူ ဆွေးနွေးခဲ့ပြီးနောက် ဝန်ကြီးချုပ်မွန်တီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အီတလီနှင့် ပြင်သစ်နိုင်ငံတို့အကြား အမြန်ရထားလမ်း ဖောက်လုပ်ရေးကိစ္စနှင့်ပတ်သက်၍ နှစ်ပေါင်းအတန်ကြာမျှ မိမိတို့ သုံးသပ်လေ့လာခဲ့ပြီး ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့သစ်သည် ရထားလမ်း ဖောက်လုပ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ။

လက်တင်အမေရိကဒေသ၏ ဒီမိုကရေစီစနစ်ကို မူးယစ်ဆေးဝါးဂိုဏ်းများ ခြိမ်းခြောက်လာ

မက္ကဆီကိုစီးတီး မတ် ၃

လက်တင်အမေရိကဒေသ၏ ဒီမိုကရေစီစနစ်ကို မူးယစ်ဆေးဝါးဂိုဏ်းများက ပိုမိုခြိမ်းခြောက်လာနေကြောင်း အမေရိကနိုင်ငံများအဖွဲ့(အိုအေအက်စ်)က မတ် ၃ ရက်တွင် သတိပေးပြောကြားသည်။

မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများသည် နိုင်ငံရေးသမားများအား ခြိမ်းခြောက်အကျပ်ကိုင်၍ ရွေးကောက်ပွဲများကို ဩဇာလွှမ်းမိုးထားသည့်အပြင် ၎င်းတို့ကို ကိုယ်စားပြုပေးမည့် ကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်စေသည်အထိ လုပ်ဆောင်နေကြောင်း အိုအေအက်စ်အဖွဲ့က ပြောကြားခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ နှစ်ရက်ကြာကျင်းပသည့် အိုအေအက်စ်အဖွဲ့ညီလာခံတစ်ရပ်၌ ယင်းအဖွဲ့၏ ဘက်စုံလုံခြုံရေးဆိုင်ရာ အတွင်းရေးမှူးအဒမ်ဘလက်ခ်ဝဲလ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အိုအေအက်စ်ညီလာခံသို့ အမေရိကနိုင်ငံများမှ တရားရေးဝန်ထမ်းများ တက်ရောက်ခဲ့ပြီး နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများနှင့် ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြသည်။

မူးယစ်ဂိုဏ်းများ၏ အန္တရာယ်ကို တားဆီးရေးအတွက် အမေရိကနိုင်ငံများအနေဖြင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ညီလာခံတက်ရောက်လာသူ ကိုယ်စားလှယ်များအား မက္ကဆီကိုသမ္မတ ဖီလစ်ကယ်လ်ဒရွန်းက ပြောကြားခဲ့သည်။

ရွေးကောက်ပွဲဖြစ်စဉ်များ၌ ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်လာခြင်းသည် ဒေသတွင်း ဒီမိုကရေစီစနစ် ထိန်းသိမ်းရေးအတွက် အန္တရာယ်သင်္ကေတတစ်ရပ်ဖြစ်ကြောင်း အိုအေအက်စ်အဖွဲ့ ဘက်စုံလုံခြုံရေးဆိုင်ရာ အတွင်းရေးမှူး အဒမ်ဘလက်ခ်ဝဲလ်က သတိပေးခဲ့သည်။ ***အင်တာနက်။***

ကိုလံဘီယာ လုံခြုံရေးတပ်ဖွဲ့ဝင်များ မူးယစ်ရာဇဝတ်တစ်ဦးကို ဖမ်းဆီးခေါ်ဆောင်လာစဉ်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း၌ မတ် ၁ ရက်က ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုတစ်ရပ်အား မြင်တွေ့ရစဉ်။ (မတ် ၁ ရက်က အီရတ်နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် အနည်းဆုံး လူ ၃၉ ဦး သေဆုံးခဲ့ရသည်။)

ဖေဖော်ဝါရီလအတွင်း စစ်သွေးကြွများ၏ လက်ချက်ဖြင့် အီရတ်တွင် လူ ၁၅၁ ဦး သေဆုံး

ဘဂ္ဂဒက် မတ် ၃

အီရတ်အစိုးရ၏ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများအရ စစ်သွေးကြွများ၏ လက်ချက်ဖြင့် ယခုနှစ် ဖေဖော်ဝါရီလအတွင်း၌ အီရတ်နိုင်ငံတွင် အရပ်သားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅၁ ဦးသေဆုံးခဲ့ရာ ယမန်နှစ် ဒီဇင်ဘာလအတွင်းက အမေရိကန်တပ်ဖွဲ့များ အီရတ်မှ ရုပ်သိမ်းသွားခဲ့သော်လည်း အီရတ်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ဆဲဖြစ်သည်ကို ပြဆိုလျက်ရှိသည်။

အီရတ်အစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဖေဖော်ဝါရီလအတွင်းတွင် အရပ်သား ၉၁ဦး၊ ရဲတပ်ဖွဲ့ဝင် ၃၉ ဦးနှင့် စစ်သား ၂၁ ဦးတို့ သေဆုံးခဲ့ပြီး ဇန်နဝါရီလအတွင်းကမူ စုစုပေါင်း သေဆုံးသူ ၁၇၇ ဦး ရှိခဲ့ကာ အရပ်သား ၉၉ ဦး၊ ရဲတပ်ဖွဲ့ဝင် ၃၇ ဦးနှင့် စစ်သား ၄၁ ဦးတို့ဖြစ်သည်။

အီရတ်နိုင်ငံတွင် ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဂိုဏ်းဂဏစွဲ ဝါဒစွဲ အကြမ်းဖက်တိုက်ခိုက်မှုများ ပြင်းထန်ခဲ့စဉ်ကာလအတွင်းက လစဉ် အရပ်သားသေဆုံးမှုမှာ ဦးရေ ၃၀၀၀ ဝန်းကျင်ရှိခဲ့ပြီး အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံတွင် ရှိနေစဉ် နှစ်များအတွင်း အရပ်သားသေဆုံးမှုမှာ ၇၀၀၀၀ နီးပါးရှိခဲ့သည်ဟု အီရတ်အစိုးရ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ***အင်တာနက်။***

ကမ္ဘာ့သမုဒ္ဒရာများအတွင်း အက်စစ်ဓာတ်ပျော်ဝင်မှုနှုန်း နှစ် သန်း ၃၀၀ ကထက် ပိုမြင့်လာ

ဝါရှင်တန် မတ် ၃

သက်ရှိများ မျိုးသုဉ်းပျောက်ကွယ်မှု လေးရပ်ဖြစ်ပွားခဲ့သည့် လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၃၀၀ ကာလကထက်ပင် ယနေ့ခေတ်ကာလ ကမ္ဘာ့သမုဒ္ဒရာရေပြင်များ၌ အက်စစ်ဓာတ်ပျော်ဝင်မှု ပိုမိုများပြားလာကြောင်း သုတေသနပညာရှင်များက မတ် ၁ ရက်တွင် ပြောကြားခဲ့သည်။

ယနေ့ကာလ၌ ကြုံတွေ့နေရသည့်အဖြစ်နည်းတူ လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၃၀၀ က လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ အပြောက်အမြား စုစည်းနေခဲ့ခြင်းကြောင့် ကမ္ဘာကြီး ပိုမိုပူနွေးလာကာ သမုဒ္ဒရာရေပြင်များအတွင်း အက်စစ်ဓာတ်ပျော်ဝင်မှု များပြားခဲ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ခဲ့ကြသည်။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း သန်း ၃၀၀ က လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုနှုန်း မြင့်မားရခြင်းသည် မီးတောင်ပေါက်ကွဲမှုနှင့် အခြားသဘာဝအကြောင်းတရားများကြောင့် ဖြစ်သော်လည်း ယနေ့ကာလ၌ လူသားတို့၏ ပယောဂကြောင့် လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုနှုန်း မြင့်မားနေခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ထောက်ပြခဲ့သည်။

လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုများပြားလာသည်နှင့်အမျှ သမုဒ္ဒရာရေပြင်များက ယင်းဓာတ်ငွေ့များအား စုပ်ယူကာ ကာဗွန်အက်စစ်တစ်မျိုးအဖြစ် ပြောင်းလဲပစ်နိုင်သည်။ အတိတ်ကာလက သမုဒ္ဒများအတွင်း အက်စစ်ဓာတ်ပျော်ဝင်မှု များပြားခြင်းကြောင့် ရေနေသတ္တဝါများ ကွယ်ပျောက်ခဲ့ခြင်း မရှိသော်လည်း ယနေ့ခေတ် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုနှုန်းထားအရ သန္တာကျောက်တန်းများ၊ ကမာကောင်များနှင့် ဆယ်လ်မွန်ငါးကဲ့သို့သော ရေသတ္တဝါများအား ဆုံးရှုံးရမည့် အလားအလာရှိကြောင်း သိရသည်။

အင်တာနက်။

ခုခံအားကျရောဂါသည်များကို တီဘီရောဂါကူးစက်မှုမှ ကာကွယ်ရန် အဆင့်ဆင့်ပူးပေါင်းဆောင်ရွက်ရန်လို

ဂျီနီဗာ မတ် ၃

ခုခံအားကျဆင်းမှုရောဂါ(အေအိုင်ဒီအက်စ်)နှင့် အဆုတ်နာရောဂါ (တီဘီ)ဆိုင်ရာ ကျန်းမာရေးဌာနများအကြား ခြောက်နှစ်ကြာပူးပေါင်းဆောင်ရွက်မှုများကြောင့် လူ့အသက်ပေါင်း ၉၁၀၀၀၀ ကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က မတ် ၃ ရက်တွင် ခန့်မှန်းခဲ့သည်။

အေအိုင်ဒီအက်စ်နှင့် တီဘီရောဂါဆိုင်ရာ ကျန်းမာရေးဌာနများအကြား အဆင့်လိုက်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြင့် အေအိုင်ဒီအက်စ်ဝေဒနာသည်များအား တီဘီရောဂါကူးစက်ဖြစ်ပွားမှုမှ ပိုမိုကာကွယ်ပေးနိုင်ခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တီဘီရောဂါသည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူများ သေဆုံးရခြင်း၏ အဓိကလက်သည် ရောဂါဆိုးဖြစ်သည်။

၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အကြား တီဘီရောဂါရှိ၊ မရှိ စစ်ဆေးမှုခံယူခဲ့ကြရသော အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူ ဝေဒနာသည်အရေအတွက်မှာ ၁၂ ဆတိုးမြင့်လာပြီး ၂၀၀၀၀၀ မှ ၂ ဒသမ ၃ သန်းအထိ ရောက်ရှိခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းအပြင် အလားတူကာလအတွင်း အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံထားရခြင်းရှိ၊ မရှိစမ်းသပ်မှုခံယူခဲ့ရသူ တီဘီရောဂါဝေဒနာရှင်အရေအတွက်မှာ ငါးဆအထိ တိုးမြင့်လာပြီး ၄၇၀၀၀၀ မှ ၂ ဒသမ ၂ သန်းအထိ ရှိလာကြောင်း သိရသည်။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးသည် လူ၏ခုခံအားစနစ်ကို ထိုးနှက်တိုက်ခိုက်ခြင်းကြောင့် ယင်းရောဂါပိုးကူးစက်ခံရသူများသည် တီဘီရောဂါကူးစက်ခံရရန် ပိုမိုလွယ်ကူကြောင်း၊ အလားတူ တီဘီရောဂါရှိသူများမှာလည်း အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်ခံရရန် အလားအလာများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးအန္တရာယ်အား ထိန်းချုပ်ရန် ကြိုးပမ်းသည့်နည်းတူ တီဘီရောဂါကိုလည်း ထိန်းချုပ်ရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခုခံအားကျဆင်းမှုရောဂါဆိုင်ရာ ဌာနအကြီးအကဲက ပြောကြားခဲ့သည်။ ***အင်တာနက်။***

နယူးကာလီဒိုးနီးယားတွင် ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်ပြင်းလှုပ်

စင်ကာပူ မတ် ၃

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း နယူးကာလီဒိုးနီးယားတွင် မတ် ၃ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်ဟု အမေရိကန် ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။

ပစိဖိတ်ဆူနာမီသတိပေးဗဟိုဌာနက ယင်းငလျင်ကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိဟု ပြောကြားခဲ့သည်။ အဆိုပါငလျင်သည် နယူးကာလီဒိုးနီးယား မြို့တော်နူမီယာက်၏ အရှေ့ဘက် ၃၉၉ ကီလိုမီတာ (၂၄၇ မိုင်)အကွာ သမုဒ္ဒရာကြမ်းပြင်အောက် အနက် ၁၅ ဒသမ ၂ မိုင်တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

တရုတ်အရှေ့ပိုင်းတွင် ကုန်တင်သင်္ဘောတစ်စင်းပေါက်ကွဲ အလုပ်သမားလေးဦး သေဆုံးပြီး ၁၂ ဦးဒဏ်ရာရ

ပေကျင်း မတ် ၃

မတ် ၂ ရက် ညပိုင်းက တရုတ်နိုင်ငံ အရှေ့ပိုင်း နန်ကျင်းမြို့တွင် ကုန်တင်သင်္ဘောတစ်စင်း၏ ဘွိုင်လာပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမားလေးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာများ ရရှိခဲ့သည်ဟု ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် သင်္ဘောကျင်းမှ မတ် ၃ ရက်တွင် ပြောကြားသည်။

နန်ကျင်းမြို့ နန်ကျင်းရေနံတင်သင်္ဘောလုပ်ငန်း၏ ကျိကျန်ရှန်းသင်္ဘောကျင်းတွင် မတ် ၂ ရက် ည ၁၁ နာရီက ဝမ်းဖွင့်ကုန်တင်သင်္ဘောပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု အဆိုပါ သင်္ဘောကျင်း၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရသူ ၁၂ ဦးကို ဆေးရုံသို့ တင်ပို့ခဲ့ပြီး ဒဏ်ရာအနည်းငယ်သာရရှိသူ နှစ်ဦးအား ဆေးရုံမှဆင်းခွင့်ပြုကာ ကျန်လူများကို အရေးပေါ်ကုသမှုများ ပြုလုပ်လျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းဖော်ထုတ်နေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြရာတွင် . . .

အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှကျော်

၂၀၁၂ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရတော့မည်ဖြစ်ပါသည်။ ထိုစာမေးပွဲသည် အခြေခံပညာရေးတွင် နောက်ဆုံးအရေးကြီးသောစာမေးပွဲကြီးဖြစ်ပါသည်။ တစ်နည်းဆိုရသော် စာသင်သားများ၏ ပညာရေးအတွက် အလွန်အရေးကြီးပါသည်။ မိမိ၏ ပညာရေးလမ်းကြောင်း (သို့) ဘဝတစ်သက်တာလမ်းကြောင်းကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲကို အောင်မြင်သွားပါက ဘွဲ့တစ်ခုရရန် ခက်တော့မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းတစ်ခုအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ အလုပ်လုပ်ရာတွင်လည်း လွယ်ကူနိုင်ပါသည်။ ထိုမျှအရေးကြီးသောစာမေးပွဲကို အောင်ရန် အားကြိုးမာန်တက် အပတ်တကုတ် ကျားကုတ်ကျားခဲ ဖြေဆိုရန်ဖြစ်ပါသည်။

စာမေးပွဲဟူသည်

စာမေးပွဲဆိုသောအသံကို ကြားလိုက်ရသည့် စာတော်သူ၊ စာကျက်သူ၊ ကျောင်းမှန်မှန်တက်သူတို့အဖို့ကား ယခုပင် စာမေးပွဲကို ဖြေလိုက်မည်ဟု ဝင့်ဝင့်ကြွားကြွား ရှိကြမည်ဖြစ်သော်လည်း စာညံ့သူ၊ ကျောင်းပျက်သူများအဖို့ကား ကြောက်ဒူးတုန်ကာ ရင်ခုန်နေကြမည်။

အမှန်ဆိုရသော် စာမေးပွဲဆိုသည်ကား ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်ရပါမူ စာကိုမေးသော ပွဲပင်ဖြစ်ပါသည်။ ဘာစာတွေကို မေးမှာလဲ အထူးမေးစရာမလို။ တစ်နှစ်ပတ်လုံးသင်ခဲ့သော ပြဋ္ဌာန်းထားသည့်စာများကို မေးမည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် စာရသူအဖို့ လွယ်သကဲ့သို့ စာမရသူအဖို့ ခက်ပေမည်။ ထို့ပြင် စာများရနေပြီးဖြစ်သော်လည်း ထိုစာများမှ မေးခွန်းကို မှန်ကန်တိကျစွာ ဖြေနိုင်ဖို့ လိုပေသေးသည်။ **အနာနှင့်ဆေး တည့်အောင်ပေးမှ ပျောက်ရေးမခက်သကဲ့သို့** အမေးနှင့်အဖြေ တည့်အောင်ရေးလိုက်ပါမှ အောင်ရေးမခက်ဖြစ်ကြပါမည်။ အရေးကြီးသည်မှာ ပြဋ္ဌာန်းထားသောစာထဲမှ မေးသည်ဆိုသော်လည်း စာမေးသူက မေးခွန်းမေးသည့်အခါ ဉာဏ်ကွန့်၍ "လှည့်ပတ်မေးတတ်ပါသည်။ သင်ခန်းစာများကို ထုံးလိုချေ၊ ရေလိုနှောက်နိုင်အောင် ကျေကျေညက်ညက် လေ့လာထားသူများအဖို့ အခက်အခဲမရှိပါ။ တစ်ဖန်စာကို **ကျောင်းပုစွန်စား ကြွပ်ကြွပ်ဝါး**အောင် သိထားသူအဖို့ မည်မျှခက်ခဲ၍ သမားဂုဏ်မြောက်အောင် မေးထားစေကာမူ အလွယ်တကူ ဖြေဆိုနိုင်ပါမည်။ မေးခွန်းများဖြေရာတွင် မေးသောအချက်ကို သိအောင်ကြိုးစားရန်လိုပါသည်။ စာမကျေညက်သူများသည် မေးခွန်း၏ လိုရင်းကိုမစဉ်းစားမိဘဲ လေးနက်စွာ မစဉ်းစားဘဲ ရောက်တတ်ရာရာ ရမ်းသန်းဖြေက မမှန်နိုင်ပါ။

မေးခွန်းရပါက မေးခွန်းဖတ်ဖို့ အချိန်ပေးသင့်ပါသည်။ ဖတ်ပြီးလျှင် မည်သည့် အချက်အလက်များအား ဖြေရမည်ကိုစဉ်းစားရန် အချိန်ပေးရပါမည်။ မေးခွန်းဖတ်ပြီးပါက အဖြေကိုစဉ်းစားရန် အထူးအရေးကြီးပါသည်။ မေးခွန်းရသည်နှင့် ဖုတ်ပူမီးတိုက် မစဉ်းစားဘဲ မဖြေသင့်ပါ။ မေးခွန်းကို သေချာစွာဖတ်ပြီးမှ ဖြေပါက မလွဲနိုင်ပါ။ ဖြေရမည့်မေးခွန်းကို ပေးထားသည့်အချိန်ထက်ကျော်လွန်၍ မဖြေသင့်ပါ။ တစ်ပုဒ်ကို မိနစ် ၃၀ အချိန်ရသည်ဆိုလျှင် ၂၅ မိနစ်နှင့် ပြီးအောင်ဖြေပြီး ၅ မိနစ်ခန့် ပြန်လည်စစ်ဆေးပါ။ အဖြေထိုးဖို့လည်း မမေ့ပါနှင့်။ ဉာဏ်ကွန့်၍ ဉာဏ်စမ်းမေးတတ်သော ရှုပဗေဒနှင့် သင်္ချာဘာသာရပ်များကို အထူးဂရုပြု၍ ဖြေပါ။ တွက်ချက်ရသော ပုစ္ဆာတိုင်းမှ ကိန်းဂဏန်းများကို အထူးသတိထား၍ ကူးရေးပါ။ မေးခွန်းမှ ကိန်းဂဏန်းများအရေးမှား၍ အဖြေမထွက်သော ပုစ္ဆာများရှိတတ်ပါသည်။ အထူးဂရုပြုရန်မှာ ပုဒ်ရေနှင့် အံကိုက်မေးထားသောကြောင့် နှစ်ခါထပ်တွက်ရသော ပုစ္ဆာကို ထပ်မံတွက်ရန် မကြိုးစားဘဲ အခြားရနိုင်သော ပုစ္ဆာများကိုသာ တွက်သင့်ပါသည်။

ဘာသာရပ်တိုင်းအတွက် သတင်းစာတွင်ပါသော ပညာရေးသုတေသနနှင့် မြန်မာစာဌာနမှ ရေးသားထုတ်လွှင့်သော ဘာသာရပ်သိကောင်းစရာများ၊ ရုပ်မြင်သံကြားမှ ဟောပြောချက်များကို အထူးဖတ်ရှုနားထောင်ရန် လိုအပ်ပါသည်။

မေးခွန်းပုဒ်ရေကို စေ့အောင်ဖြေပါ။ (၆)ပုဒ်ဖြေရမည်ကို (၅)ပုဒ်သာဖြေလိုက်ပါက (၁)ပုဒ်အတွက် အမှတ်လျော့သွားပါမည်။ တွက်ချက်ရာတွင်လည်း ကိန်းဂဏန်းများကို ရှင်းလင်းစွာရေးပါ။ အလွန်သေးသော စာလုံးများ၊ ပူးကပ်နေသော စာကြောင်းများ၊ ရှုပ်ထွေးနေသော စာကြောင်းများကို ရှောင်ပါ။ အမြင်ရှင်း၍ သပ်ရပ်သော စာလုံးများဖြင့်သာ ဖြေပါ။ လှပရန်မလိုပါ။ ပီသရှင်းလင်းရန်သာ လိုပါသည်။ အထူးသဖြင့် သင်္ချာ၊ ရူပဗေဒဖြေဆိုရမည့် ရက်မတိုင်မီ ညလုံးပေါက် တွက်ချက်ခြင်း မပြုလုပ်ပါနှင့်။ ဦးနှောက်နှင့် စဉ်းစားရ၍ စာဖြေချိန်တွင် ဦးနှောက်ကြည်လင်ရန် လိုအပ်ပါသည်။ ထိုညများတွင် စောစောအိပ်၍ စောစောထပြီး မှတ်စရာများကို မှတ်ပါ။ အနည်းဆုံး ခုနစ်နာရီခန့် အိပ်ရေးဝအောင်အိပ်မှ ဦးနှောက်ရှင်လန်းမည်ဖြစ်ပါသည်။

စာမေးပွဲမဖြေမီနှင့် ဖြေနေစဉ်အတွင်း ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။ သို့မဟုတ်ပါက စာမေးပွဲနီးမှ ဆေးရုံတွင် ဖြေရသူများ ရှိပါသည်။ ဖြေဆိုနေစဉ်အတွင်းလည်း နေမကောင်းဖြစ်တတ်ပါသည်။

စာဖြေခန်းသို့ သွားရန်စီစဉ်ခြင်း

စာဖြေသူသည် နံနက် ၉ နာရီဖြေရမည်ဖြစ်၍ နာရီဝက်စောပြီး စာဖြေခန်းသို့ အရောက်သွားရမည်။ အိမ်နှင့် စာစစ်ဌာနအဝေးအကွာကို ချင့်ချိန်၍(ဝေးပါက) တစ်နာရီခန့် ကြိုတင်သွားရခြင်းဖြစ်သည်။

စာဖြေဌာနသို့သွားလျှင် **ဖြေခွင့်ကတ်ပြားနှင့်** စာရေးကိရိယာများအစုံအလင်၊ ဘောပင်အနည်းဆုံးလေးချောင်းခန့် အဆင်သင့်ဖြစ်စေရန် ညကတည်းက စီစဉ်ထားရပါမည်။ နံနက်သွားခါနီးမှ ရှာဖွေနေရလျှင် စိတ်သောကရောက်ပါမည်။ စာဖြေခန်းသို့ရောက်သော် မိမိဖြေရမည့် အခန်းရှာဖွေပါ။ ပထမခေါင်းလောင်းထိုးသည်နှင့် အဆင်သင့်ဖြစ်နေရပါမည်။ အရေးကြီးသည်မှာ ဖြေဆိုခွင့်ကတ်ပြားကို မမေ့ရန်ဖြစ်ပါသည်။ မေ့ကျန်ခဲ့ပါက ဖြေဆိုခွင့်ရမည်မဟုတ်ပါ။ အိမ်ပြန်၍ ယူမည်ဆိုသော်လည်း နာရီဝက်အတွင်း မဖြစ်နိုင်ပါ။ စာမေးပွဲဖြေဆိုရမည့်အချိန်သည် ၉ နာရီအစား ၉ နာရီခွဲမှ ဖြေခွင့်ရပါမည်။ သို့ပါ၍ ဖြေဆိုခွင့်ကတ်ပြားမမေ့ရန် အထူးသတိပြုပါ။ စာမေးပွဲဖြေဆိုသွားစဉ် တောက်ပသစ်လွင်သော အဝတ်အစားများဝတ်ရန်မလိုပါ။ ကျောင်းစိမ်းဝတ်စုံသာ ဝတ်ဆင်ပါ။ အင်္ကျီကို ကျပ်ကျပ်တည်းတည်း မဝတ်ပါနှင့်။ ချောင်ချောင်ချိချိနှင့် လက်ကို ကွေးသာ ဆန့်သာအောင်ဝတ်ပါ။ စာဖြေစဉ် စိတ်အနှောင့်အယှက်ဖြစ်စေမည့် အင်္ကျီများ၊ ဘောင်းဘီကျပ်များ ဝတ်မသွားပါနှင့်။ စာဖြေသွားစဉ် အစားအသောက်ကို မဝလွန်း၊ မဆာလွန်း အသင့်အတင့်စားသွားရပါမည်။ သင့်တင့်မျှတစွာ စားသွားရန်ဖြစ်ပါသည်။

စာဖြေစဉ် ဂရုပြုရန် အချက်များ

မိမိခုံနံပါတ်ကို မှန်ကန်ပီသစွာရေးပါ။ လက်ထောက်ကြီးကြပ်ရေးမှူးက ဖတ်ပြသောစည်းကမ်းကို နားထောင်ပါ။ စည်းကမ်းကိုလိုက်နာရန် အရေးကြီးပါသည်။ စာဖြေစဉ်တွင် အခြားတစ်ဖက်မှ စာဖြေသူက အကူအညီတောင်းပါက မပေးပါနှင့်။ အကူအညီပေးမိပါက မိမိပါ အရေးယူခြင်းခံရပါမည်။ မိမိကိုယ်တိုင်ကလည်း မသမာသောနည်းဖြင့် မဖြေပါနှင့်။ မသမာသောနည်းဖြင့်ဖြေဆိုပါက စာဖြေခွင့်ကို (၁)နှစ် သို့မဟုတ် (၂)နှစ်အထိ ပိတ်ပင်ခြင်းခံရပါမည်။ ကျောင်း၏ ဂုဏ်သိက္ခာလည်း ထိခိုက်စေပါသည်။

မိမိဖြေဆိုရသော စားပွဲခုံနှင့် ကုလားထိုင်သည် လှုပ်နေပါက ကြီးကြပ်ရေးမှူးကို ချက်ချင်းအသိပေးပြီး လဲလှယ်ခွင့်ရှိပါသည်။ တစ်ခါတစ်ရံ မိမိဖြေနေသော စားပွဲခုံပေါ်သို့ နေရောင်ထိုးသဖြင့် စာဖြေ၍ မရအောင်ဖြစ်နေပါကလည်း တင်ပြနိုင်ခွင့်ရှိပါသည်။ အကယ်၍ စာရွက်အပိုတောင်းပါက ထိုစာရွက်ကို အဖြေစာအုပ်နှင့်အတူ ပင်အပ်နှင့် သေချာစွာတွဲရန် အရေးကြီးပါသည်။ အချို့ဆရာများသည် ထိုကိစ္စကို အကူအညီပေးတတ်ပါသည်။ အပိုစာရွက်ကို မတွဲမိပါက ထိုစာရွက်ကို မစစ်ဆေးရ၍ အမှတ်လျော့ပေမည်။ စာစစ်သူများ ကိုယ်တွေ့ဖြစ်၍ အထူးဂရုပြုပါ။ စာဖြေနေချိန် တစ်ပတ်အတွင်း အအိပ်၊ အနေအထိုင်၊ စားသောက်ရေးစသည်ဖြင့် ကျန်းမာရေးကို အထူးဂရုပြုရန် လိုအပ်ပါသည်။ အစားအသောက်မမှားရန်၊ အအိပ်မပျက်ရန်နှင့် ခန္ဓာကိုယ်နှင့် စိတ်ကြည်လင်စေရန် အထူးဂရုစိုက်ရပါမည်။

အချုပ်ဆိုရသော် မိမိဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲကို **အောင်စိတ်ဖြင့် ကောင်းမွန်စွာဖြေဆိုပါက အောင်ရမည်မလွဲပါ။** အထူးကြိုးစားဖြေဆိုပါက ဂုဏ်ထူးများပင် ရနိုင်ပါသည်။ စာသင်သားများသည် တစ်နှစ်ပတ်လုံး ထဲထဲဝင်ဝင် သေချာစွာ ကြိုးစားခဲ့ခြင်းဖြစ်၍ စိတ်အေးအေး၊ ရဲရဲဝံ့ဝံ့သေသေချာချာ ဖြေဆိုသွားပါက အောင်ရမည်ဖြစ်ကြောင်း စိတ်နှလုံးသွင်းစေလိုပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ စာဖြေသူချစ်တပည့်များ အောင်ပန်းဆင်နိုင်ကြပါစေဟု မေတ္တာရေလောင်း ဆုတောင်းအပ်ပါသည်။ ။

မပြောမပြီး မတီးမမြည်

ဒီနေ့စမယ် သန်း ၆၀

ဒီနေ့ကစပြီး ဒီမိုကရေစီနိုင်ငံသစ်ကို ဖော်ဆောင်ဖို့ နိုင်ငံသားတိုင်း လုပ်နိုင်တဲ့အလုပ်၊ အခြေခံအလုပ်ကလေးဖြစ်တဲ့ ***မိမိစွန့်ပစ်မယ့် အမှိုက်ကလေးကို လမ်းပေါ်သို့ အမှုမဲ့အမှတ်မဲ့ မစွန့်ပစ်ဘဲ အမှိုက်ပုံး၊ အမှိုက်ပုံအရောက် စွန့်ပစ်ပေးခြင်း****ဖြင့် နိုင်ငံသားတိုင်း ဒီမိုကရေစီအတွက် မိမိတတ်နိုင်သည့်ဘက်က တာဝန်တစ်ခုကို ထမ်းဆောင်လိုက်ပြီဟု မိမိကိုယ်မိမိအထင်ကြီးလေးစားစိတ်ကို စတင်မွေးမြူရမည့်အချိန်ဖြစ်ပါတယ်။*

သန်း ၆၀ ကျော်သော မြန်မာနိုင်ငံသားတွေရဲ့ တစ်ဂဏန်းဖြစ်သော အမှိုက်တစ်စကို ဒီနေ့အားလုံး စွန့်ပစ်ရမည့် နေရာအရောက် စွန့်ပစ်ပေးခြင်းဖြင့် နိုင်ငံတော်မှာ အမှိုက်စ သန်း ၆၀ ကျော်ရှင်းလင်းပြီးဖြစ်သလို နိုင်ငံတော်ရဲ့ ပုံရိပ်ဟာလည်း သန့်ရှင်းမှု စတင်ဖြစ်လာပါမယ်။ တစ်ရက်ကို အမှိုက်စပေါင်း သန်း ၆၀ ဟာ တစ်လ၊ တစ်နှစ်နဲ့ တွက်ကြည့်ရင် ဘယ်လောက်များမလဲ။ တစ်ဦးချင်း စည်းကမ်းရှိရာမှ တစ်နိုင်ငံလုံး စည်းကမ်းရှိလာပြီး အမှိုက်ကင်းစင်တဲ့ စင်ကာပူလို နိုင်ငံမျိုးကို အမြန်ဆုံးရောက်ရှိလာမှာဖြစ်ပါတယ်။ ဒဏ်ငွေရိုက်ပြီး၊ အပြစ်ပေးပြီး လုပ်ခိုင်းရရင် ရှက်စရာပါ။ တစ်ချိန်က ရန်ကုန်မြို့တော်ဟာ စင်ကာပူက အတုယူရတဲ့ သန့်ရှင်းလှပတဲ့မြို့တော် ဖြစ်ခဲ့ဖူးပါတယ်။ အရင်က အဘိုး အဘွားတွေ စည်းကမ်းရှိခဲ့ကြပါတယ်။ အခု ကိုယ့်အလှည့်ရောက်ပါပြီ။

တာဝန်ရှိသူတွေကို အားကိုးတာမျိုးတွေနဲ့ ကိုယ်ကိုယ်တိုင်က ဘာမျှ တာဝန်ယူစိတ်၊ တာဝန်သိစိတ်မရှိဘဲနဲ့ ဒီမိုကရေစီကို ထိုင်စောင့်၊ စည်းကမ်းမဲ့၊ နမော်နမဲ့ နေထိုင်ကြမယ်ဆိုရင် ဦးဆောင်သူတွေရဲ့အားနဲ့ သန်း ၆၀ ကျော်ကို ဘယ်လို ဆွဲသွားနိုင်မှာလဲ၊ ဘယ်လောက်ကြာမှာလဲ။

ဒီမိုကရေစီအတွက် တစ်တပ်တစ်အား ပါဝင်တယ်ဆိုတာ နိုင်ငံ့ဝန်၊ အဖွဲ့အစည်းဝန်ပါ ဝင်ထမ်းမှ မဟုတ်ပါ။ စည်းကမ်းရှိမှုဆိုတဲ့ တစ်ဂဏန်းတစ်ခုကို ဒီနေ့ပဲ လုပ်နိုင်ပါတယ်။ တစ်ဆယ်တတ်နိုင်တဲ့သူက တစ်ဆယ်လုပ်ပြီး တစ်ရာတတ်နိုင်တဲ့သူက တစ်ရာလုပ်လျှင် သန်း ၆၀ စာလုပ်နိုင်တဲ့သူကလည်း သူတို့အားနဲ့ သူတို့လုပ်ပါလိမ့်မယ်။ အခုရေပန်းစားနေတဲ့ ***"ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်"****ဆိုတဲ့ စကားအတိုင်း ဒီမိုကရေစီအပြည့်အဝစုပေါင်းခံစားနိုင်ဖို့ စုပေါင်းစကြဖို့ လိုပါတယ်။*

အမှိုက်စသန်းပေါင်း ၆၀ ကျော်ရဲ့ ညစ်ညမ်းမှုတွေ ကင်းစင်ပြီး အမှိုက်သိမ်းဝန်ထမ်းနဲ့ စရိတ်တွေ နိုင်ငံဘဏ္ဍာမှ အနည်းငယ်သက်သာသွားလျှင် ပညာရေး၊ ကျန်းမာရေးတွေမှာဖြည့်စွက်ပြီး သုံးသွားနိုင်မှာ ဖြစ်ပါတယ်။ မာလိန်မှူးကလည်း စီမံခန့်ခွဲမှုကောင်း၊ အင်ဂျင်နီယာချုပ်ကလည်း အပျက်အစီးမရှိအောင် ထိန်းသိမ်း၊ နိုင်ငံသားတိုင်းကလည်း တာဝန်ကိုယ်စီထမ်းကြမယ်ဆိုလျှင် မြန်မြန်ဆန်ဆန် ပြည့်ဝတဲ့ ဒီမိုကရေစီကမ်းခြေဆိုက်ရောက်နိုင်မှာ မလွဲပါဘူး။ ***သန်း ၆၀ သောသတိ၊ သန်း ၆၀ သောအသိနဲ့ နိုင်ငံသစ်ကို ဝိုင်းဝန်းတည်ဆောက်ဖို့ လိုပါကြောင်း တင်ပြလိုက်ရပါတယ်။***

နေသစ်ဦး

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ဥအား ရည်စူး၍ သမီး ဦးလှသွင်-ဒေါ်စန်းစန်းဦးနှင့် မြေး ကိုသန်းထွန်းဦး-မနန်းယဉ်မွန် မိသားစုက ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရွှေတိဂုံသမိုင်းပြဇာတ်ဖြင့် ပူဇော်ကပြ

ရန်ကုန် မတ် ၃

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရွှေတိဂုံစေတီခြေတော်ရင်း၌ ညစဉ် အဆို၊ အက၊ ရုပ်သေး၊ ဇာတ်တော်ကြီးများဖြင့် ဖျော်ဖြေလျက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးကျော်ဦး စီစဉ်ကြီးကြပ်၍ ဇာတ်ညွှန်းစာရေးဆရာ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ ဒါရိုက်တာ ပျဉ်းမနားမြင့်လှိုင်နှင့် ဒါရိုက်တာစလေရွှေကြည်တို့က သရုပ်ပြအမွှမ်းတင်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနမှ ကျောင်းသား ကျောင်းသူများ ပါဝင်ကပြကြသည့် လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံ ပြဇာတ်ဖြင့် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ဇာတ်ရုံ၌ မတ် ၂ ရက်မှ ၇ ရက်အထိ ည ၉ နာရီမှစ၍ အခမဲ့ဖျော်ဖြေတင်ဆက်လျက် ရှိကြောင်း သိရသည်။ **(ယာပုံ)** (သတင်းစဉ်)

ညောင်ရွှေနှင့် ရွှေညောင်မြို့များတွင် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် မတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) စာပေချစ်မြတ်နိုးသူ လူငယ်များ၏ ဦးစီးဆောင်ရွက်မှုဖြင့် တောင်ကြီးခရိုင် ညောင်ရွှေမြို့နှင့် ရွှေညောင်မြို့များတွင် စာပေဟောပြောပွဲများ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ညောင်ရွှေမြို့ ရန်ကုန်ကျောင်းတိုက်၌ လည်းကောင်း၊ ရွှေညောင်မြို့ ရွှေညောင်လူငယ်စာကြည့်တိုက်၌ လည်းကောင်း ညနေ ၆ နာရီမှ ည ၁၁ နာရီထိ တစ်ချိန်တည်းကျင်းပခဲ့ရာ စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ (လယ်ဝေး)၊ ရဲသျှမ်း၊ ကြည်မင်းနှင့် ကာတွန်းဝင်းအောင်တို့က မြို့နှစ်မြို့လုံးတွင် အလှည့်ကျ ဟောပြောခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ကိုယ့်အတတ်ကိုယ်စူး

တစ်ခါက အထက်အညာသားတို့ကို အထင်သေးတတ်သော အောက်ပြည်အောက်သား ဆရာတစ်ဦးရှိ၏။ ဆရာ့အကြောင်းကိုသိသော အညာသားတပည့်တစ်ဦးက မခံချင်စိတ်ဖြင့် ဆရာကိုချေပရန် အကြံထုတ်ပြီး ဆရာ့နေအိမ်သို့ သွားရောက်၍ ဆရာနှင့် တွေ့ဆုံခဲ့၏။

'ဆရာနဲ့ တွေ့ခွင့်ပြုပါခင်ဗျာ'

'အေး . . . လာကွတပည့်၊ မင်းက . . . ဘယ်ဇာတိလဲ'

'ကျွန်တော်က အညာကပါဆရာ'

ထိုအခါ ဆရာက တပည့်ဖြစ်သူအား ထုံးစံအတိုင်း တောင်မေးမြောက်မေး မေးပြီး ဆုံးမရန်ကြံတော့၏။ တပည့်ဖြစ်သူကလည်း ဆရာ့အကြောင်း သိထားပြီးသားမို့ မသိဟန်ပြုပြီး တလွဲလိုက်ဖြေ၏။

ဆရာ ။။ မင်းတို့အထက်အညာမှာ တပို့တွဲလမှာ ဘာပွဲလုပ်သလဲ'
တပည့် ။။ 'လှေပြိုင်ပွဲလုပ်ပါတယ်ဆရာ'
ဆရာ ။။ 'မှားတယ်၊ မင်းဖြေတာမဟုတ်ဘူး'
ဆရာ ။။ 'တော်သလင်းလမှာရော ဘာပွဲလုပ်သလဲ'
တပည့် ။။ 'ထမနဲပွဲလုပ်ပါတယ် ဆရာ'
ဆရာ ။။ 'မှားတယ်၊ မင်းအဖြေလုံးဝမဟုတ်ဘူး'

ထိုအချိန်တွင် ဆရာနှင့်တပည့် အမေးအဖြေလုပ်နေသော ဧည့်ခန်းရှေ့မှ ချောမောလှပသော မိန်းကလေးငယ်တစ်ဦး ဖြတ်လျှောက်သွားရာ တပည့်ဖြစ်သူက ဆရာ့သမီးမှန်းသိလျက် ဤသို့ မေးလိုက်လေ၏။

တပည့် ။။ 'ဒီမိန်းကလေးက ဆရာနဲ့တူလို့ ဆရာ့သမီးဖြစ်ရမယ်'
ဆရာ ။။ 'မင်းတွက်တာမှားတယ်'
တပည့် ။။ 'ဒါဆိုရင်'

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ ပြည်နယ်အတွင်း၌ပင် အိုးမကွာ အိမ်မကွာ အတတ်ပညာ၊ အသိပညာများ သင်ကြားနိုင်သည့် အဆင့်မြင့်နှင့် နည်းပညာ အခြေခံအဆောက်အအုံများ

* ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ယခင်က ဘားအံဒီဂရီကောလိပ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ဘားအံ)၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့ အသီးသီး ပေါ်ထွန်းလာသည်။
* ကရင်ပြည်နယ်အတွင်း အဆင့်မြင့်ပညာနှင့် နည်းပညာ၊ အတတ်ပညာကျောင်းများ တည်ဆောက်ပေးနိုင်မှုကြောင့် ပြည်နယ်အတွင်းရှိ ပြည်ထောင်စုသား တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာကို သာမက အတတ်ပညာ၊ နည်းပညာတို့ပါ သင်ကြားတတ်မြောက်စေကာ နိုင်ငံတော်နှင့် ပြည်နယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

အဆင့်မြင့်ကွန်ပျူတာနည်းပညာများအား ပြည်နယ်အတွင်းရှိ ကျောင်းသားများ သင်ယူနိုင်အောင်တည်ဆောက်ပေးထားသည့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)။**(အပေါ်ဆုံးပုံ)**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ဆောက်ပေးထားသည့် မော်လမြိုင်တက္ကသိုလ်၌ ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။**(အပေါ်ပုံ)**

ကရင်ပြည်နယ် ဇွဲကပင်တောင်အလှနှင့် နည်းပညာတက္ကသိုလ်(ဘားအံ)တို့က လိုက်ဖက်တင့်တယ်လှသည်။ **(ဝဲပုံ)**

ခံ့ညားထည်ဝါလှပသော နည်းပညာတက္ကသိုလ်(မော်လမြိုင်) သုံးထပ်စာသင်ဆောင်များတွင် ပြည်နယ်အတွင်းရှိ ကျောင်းသားလူငယ်များ နည်းပညာများ သင်ကြားလျက်ရှိသည်။**(အောက်ပုံ)**

သတင်းမှတ်စု - မောင်ငြိမ်းအေး

တောတောင်ရေမြေ သဘာဝအလှအပများ စိတ်ချမ်းမြေ့စွာ အပန်းဖြေကြည့်ရှုခံစားရင်း သဒ္ဓါသပ္ပာယ်စွာ ဖူးမြော်ကြည်ညိုရသည့် ထူးဆန်းအံ့ဖွယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်

သတင်းဆောင်းပါး - စိုးစိုးနိုင်(ကြေးမုံ) ➤➤ *ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)*

မတ်စောက်သော ကျောက်ဆောင်ကြီးပေါ်တွင် အပြင်ဘက်သို့ ငါးပေခန့်အစွန်းထွက်လျက်တည်ရှိသော ထူးဆန်းအံ့ဖွယ် ကျောက်တုံးတော်ပေါ်မှ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား တောတောင်ရေမြေ သဘာဝအလှအပနှင့်အတူ ဤသို့ သပ္ပာယ်ကြည်ညိုဖွယ်စွာ ဖူးမြော်ရသည်။

ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ ပေါများလှသော ကျွန်ုပ်တို့နိုင်ငံအား ပြည်ပနိုင်ငံများက ရွှေနိုင်ငံဟုတင်စားခေါ်ဝေါ်ကြသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကြောင့်လည်း ပြည်တွင်းရှိ ဘုရားဖူးများသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များ လှည့်လည်ကြည့်ရှုလေ့လာကြသည်မှာလည်း ဝင်လာမစဲ တသဲသဲပင်ဖြစ်သည်။ ထင်ရှားကျော်ကြားလှသော စေတီပုထိုးများအနက် ထူးဆန်းအံ့ဖွယ် အကောင်းဆုံးတည်ထားသောစေတီမှာ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ပင်ဖြစ်သည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သည် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် အမြင့်ပေ ၃၆၁၅ ပေရှိသော အရှေ့ရိုးမတောင်တန်း ရှေးအခေါ် လုံးတင်တောင်၊ ယခုပေါင်းလောင်းတောင်ထိပ်ပေါ်တွင် တည်ရှိသည်။ စေတီတော်မြတ်ကြီးသမိုင်းသည် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလက စတင်ခဲ့သည်ဟု ဆိုသည်။ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်ရောက်တော်မူပြီး ရှစ်ဝါမြောက်တွင် ဂဝံပတိရဟန္တာမြတ်၏ တောင်းပန်လျှောက်ထားချက်အရ သုဝဏ္ဏဘူမိ သထုံပြည်သို့ ဒေသစာရီကြွမြန်းခဲ့စဉ် မြတ်စွာဘုရားရှင်က သာသနာ အရှည်တည်တံ့ရေး မြော်မြင်ပြီး ဆံတော်များ ပေးသနားရာတွင် ကျိုက်ထီးရိုးတောင်တော်မှ တိဿရသေ့ကြီးလည်း ပါဝင်ရရှိခဲ့သည်။

တိဿရသေ့ကြီးသည် ဆံတော်အား မိမိဦးခေါင်းထက် ဆံကျစ်ကြားတွင် ကိုးကွယ်ထားရှိရာမှ ပျံလွန်တော်မူခါနီးအချိန်၌ စေတီတည်ထားကိုးကွယ်ရန် အကြံတော်ဖြစ်ပေါ်ခဲ့သည်ကို သိကြားမင်း သိရှိတော်မူပြီး တိဿရသေ့ကြီး၏ ဦးခေါင်းနှင့်တူသော အမြင့် ၂၆ ဒသမ ၇၅ ပေ၊ လုံးပတ် ၈၄ ပေ၊ အလေးချိန် ၆၁၁ ဒသမ ၄၅ တန်ချိန်ရှိသော ဂရင်းနိုက်ကျောက်တုံးကြီးကို သမုဒ္ဒရာကြမ်းပြင်အောက်မှ ဆယ်ယူ၍ ကျိုက်ထီးရိုးတောင်တော်ရှိ လုံးပတ် ၅၅ တောင်တစ်မိုက်၊ အမြင့် ၈၃ တောင်ရှိသော ကျောက်တောင်ထိပ်တွင် ကြက်မတစ်ဝပ်စာလွတ်၍ တင်လှူပေးခဲ့သည်။

တိဿရသေ့ကြီးသည် ဆံတော်များကို ရတနာမြကြုတ်တွင်ထည့်သွင်းပြီး ကျောက်တုံးတော်ကြီး၏ အထက်အလယ်ဗဟို၌ အနက်သုံးတောင်တစ်မိုက်၊ အဝခြောက်လက်မရှိသော တွင်းတော်တွင် ဌာပနာ၍ သိကြားမင်း၊ ပြည့်ရှင်မင်း၊ မျှုံမတ်ဗိုလ်ပါတို့ ခြံရံပူဇော်ကာ မဟာသက္ကရာဇ် ၁၁၈ ခုနှစ်တွင် ကျိုက်ထီးရိုးစေတီကို စတင်တည်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိခဲ့ရသည်။

ဦးအောင်သန်း အလှည့်ကျဂေါပက (ရင်ပြင်တော်စခန်း)။

ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများသာမက နိုင်ငံခြားသား ခရီးသွားဧည့်သည်များဖြင့် စည်ကားနေသည်ကိုလည်း ဤသို့တွေ့ရသည်။

ကျိုက်ထီးရိုး ဆံတော်ရှင်စေတီဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ခုနစ်လတိုင်တိုင် ကျင်းပသဖြင့် မြန်မာနိုင်ငံတွင် အရှည်ကြာဆုံးပွဲတော်ဖြစ်သည်။ ကျန်ငါးလသည် ဘုရားပွဲတော်ပြီးသွားသော်လည်း ဘုရားဖူးခွင့် ပိတ်ထားခြင်းမရှိဘဲ ဆက်လက်ဖွင့်ထားသည်။

မဖူးမြော်ဖြစ်သည်မှာ ကြာမြင့်ပြီဖြစ်သော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား မိမိတို့လုပ်ငန်းအကြီးအကဲ၏ကျေးဇူးဖြင့် ဝန်ထမ်းများနှင့်အတူ ဖူးမြော်ကြည်ညို ပူဇော်ကန်တော့ရန် အခွင့်အလမ်းရရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၅ ရက်က ကျိုက်ထိုမြို့မှ ကိုးမိုင်အကွာရှိ တောင်ခြေကင်ပွန်းစခန်းမှတစ်ဆင့် ရင်ပြင်တော်သို့ ရောက်ရှိခဲ့သည်။ ကျိုက်ထီးရိုးစေတီတော်ယနေ့မြင်ကွင်း ဘုရားဖူးလာသူများ ဘေးအန္တရာယ်ကင်းပြီး စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် စေတီတော်ကြီး၏ ဘက်စုံပြုပြင်ဆောင်ရွက်မှုများကို ရင်ပြင်တော်စခန်းရှိ အလှည့်ကျဂေါပက ဦးအောင်သန်းနှင့် တွေ့ဆုံကာ သိရှိခွင့်ရရှိခဲ့သည်။

"နှစ်စဉ် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများနှင့် ကျန်လများ၏ စနေ၊ တနင်္ဂနွေနေ့များတွင် ဘုရားဖူးလာသူဦးရေ အများဆုံးဖြစ်ကြောင်း၊ ယခင်က ကင်ပွန်းစခန်းမှ ရသေ့တောင်အထိ တောင်တက်ကားလမ်း ရှိသော်လည်း အများပြည်သူ သက်ကြီးရွယ်အိုများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးနိုင်အောင် ယခုအခါ ရသေ့တောင်မှ ရင်ပြင်တော်အထိ တစ်မိုင် သုံးဖာလုံရှိသော တောင်တက်ကားလမ်းသစ် ဖောက်လုပ် ဖွင့်လှစ်ထားကြောင်း၊ ထို့အပြင် နှလုံးတိုင်းတာစက်၊ အီးစီဂျီ၊ အောက်ဆီဂျင်စက်များ ထားရှိပြီး ကျန်းမာရေး ဝန်ဆောင်မှုများလည်း ဆောင်ရွက်ပေးကြောင်း၊ ဘုရားဖူးများ ၁၂ လပတ်လုံး လာရောက်ဖူးမြော်နိုင်ရန် တောင်တက်မော်တော်ယာဉ် ၁၄၃ စီးကို စီစဉ်ထားကြောင်း"ရှင်းလင်းပြောဆိုသည်။

ခြသေ့်နှစ်ကောင်မုခ်ဦးအဝ၌ ဘုရားဖူးလာသူများနှင့် တောင်တက် မော်တော်ယာဉ်များ စည်ကားလျက်ရှိသည်။

ရင်ပြင်တော်ပေါ်တွင် စေတီတော်သာသနိက အဆောက်အအုံများ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များကို လောပိတရေအား လျှပ်စစ်ဓာတ်အားဖြင့် ၂၄ နာရီ ပို့လွှတ်ပေးလျက်ရှိပြီး ပြတ်တောက်ချိန်တွင် ရင်ပြင်တော်ပေါ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်များဖြင့် ပို့လွှတ်ပေးသည်။ သောက်သုံးရေကိုလည်း စေတီတော်အောက်ခြေရှိ မိုးဘောချောင်းမှရေကို ရေစုပ်စက်များဖြင့် ကြားကန် အဆင့်လေးဆင့်ထားရှိကာ ပေးဝေလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နှစ်စဉ်တိုးတက်များပြားလာပြီး နေ့စဉ်ပျမ်းမျှဦးရေ ၂၅၀ ကျော်ရှိရာ ထိုင်းနိုင်ငံမှ အများဆုံးလာရောက်ကြသည်။ ရင်ပြင်တော်ပေါ်တွင်လည်း ဘုရားဖူးများ အခမဲ့တည်းခိုနိုင်ရန် ဆီမီး ၉၀၀၀ ဓမ္မာရုံနှင့် ပြည့်စုံ တည်းခိုဆောင်တို့ကိုလည်း စီစဉ်ထားသည့်အပြင် အခကြေးငွေဖြင့် ပုဂ္ဂလိကတည်းခိုခန်း၊ ဟိုတယ်များလည်းရှိသည်ဟု ဆိုသည်။

ဘုရားဖူးများသည် ကျိုက်ထီးရိုးစေတီရင်ပြင်တော်မှ မြောက်ဘက် နှစ်ဖာလုံအကွာရှိ မုဆိုးတောင်စေတီ၊ ၎င်းမှ လေးဖာလုံအကွာရှိ ကျောက်ဆီယိုစေတီ၊ ကျောက်လှုပ်စေတီအလွန် သုံးဖာလုံခန့်အကွာ နဂါးစေတီနှင့်ဖားစေတီ၊ ၎င်းမှ နှစ်ဖာလုံခန့်အကွာ ကျောက်ထပ်စေတီနှင့် ကျိုက်ထီးရိုးစေတီတော်၏ အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ ကျီးပါးစပ်ဂူသို့ပါ လှေ့လာဖူးမြော်နိုင်သည်။ တောတောင်ရေမြေစိမ့်စမ်းတို့၏ သဘာဝအလှအပများ အပန်းဖြေ ကြည့်ရှုခံစားပြီး ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ချမ်းမြေ့စွာဖူးမြော်ကြည်ညိုနိုင်ရန် ဘုရားဖူးခရီးသွားပြည်သူများအား ကုသိုလ်သဒ္ဓါပွားများနိုင်အောင် တစ်ဆင့်မျှဝေလိုက်ရပါသည်။ ။

● လမစေ့မှ

ဥပမာအားဖြင့် ကိုယ်ဝန်လစေ့ဖြင့် မွေးဖွားလာသည့် ကလေး ၁၅ ရာခိုင်နှုန်းသည် အသက် ငါးနှစ်အထက် အရွယ်သူငယ်ဘဝ၌ ရင်ကျပ် ချွဲကျပ်ရောဂါခံစားကြရသော်လည်း လမစေ့ မွေးဖွားလာသူ ကလေး ၁၇ ရာခိုင်နှုန်းမှာ ယင်းရောဂါများအားခံစားရကြောင်း သုတေသနပြုလုပ်ချက် ရလဒ်များအရ သိရသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် မွေးဖွားခဲ့သမျှ ကလေးအရေအတွက်၏ ငါးပုံတစ်ပုံမှာ လမစေ့ဘဲ ကိုယ်ဝန်စလွယ်ရသည့် ကာလမှ ရက်သတ္တ ၃၇ ပတ်မှ ၃၈ ပတ်အကြာ မွေးဖွားလာရသူကလေးများ ဖြစ်ကြသည်။

လမစေ့ မွေးဖွားလာသော ကလေးများသည် သူငယ်ဘဝတွင် ရင်ကျပ်ရောဂါကဲ့သို့ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများအား ပိုမိုကြုံတွေ့လွယ်သည်ဖြစ်ရာ ၎င်းတို့၏ကျန်းမာရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ပုံမှန်ပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းခဲ့သည်။

အဆိုပါ သုတေသနလုပ်ငန်းအား ဗြိတိန်နိုင်ငံရှိ လီဘက်စတာ၊ လီဗာပူး၊ အောက်စဖို့ဒ်၊ ဝါးဝစ်ခ်နှင့် မီးဖွားချိန် ပြဿနာများဆိုင်ရာဌာနတို့က ပူးတွဲလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အင်တာနက်။

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ကွမ်းခြံကုန်းမြို့ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်ခိုင် အလှူငွေပေးအပ်ရာ အသင်းဘဏ္ဍာရေးမှူး ဦးမောင်မောင်မြင့် လက်ခံစဉ်။

(သတင်းစဉ်)

လတပို့တွဲ လားရှိုးထမနဲပွဲ ဆင်နွှဲ

လားရှိုး မတ် ၃

လားရှိုးမြို့သည် ယခင့်ယခင်နှစ်များက သာသနာ့ဗိမာန်တော်ကြီးဝင်းအတွင်း ဒေသအာဏာပိုင်များ ဦးဆောင်မှုဖြင့် ထမနဲထိုးပြိုင်ပွဲကို ကြီးကျယ်ခမ်းနားစွာ တပျော်တပါးဆင်နွှဲခဲ့ကြသော်လည်း ယခုနှစ်တွင်မူ မတွေ့ရပါ။ (နောင်မှ သိရသည်မှာ ဂေါပကအဖွဲ့က ယမန်နေ့က ပြိုင်ပွဲမလုပ်ဘဲ ထမနဲထိုးကာ ဘုရားကပ်၊ လူတို့အား ကျွေးမွေးရုံသာ လုပ်သည်ဟုသိရသည်။)သို့သော်လည်း ရိုးရာအစဉ်အလာမပျက် ရာသီကာလသို့တိုင်သဖြင့် တစ်နိုင်တစ်ပိုင် မိမိတို့စေတနာ သဒ္ဓါတရားအလျောက် ရပ်ကွက်လူငယ်များနှင့် တပျော်တပါး အိုးစည်ဗုံမောင်း၊ ဒိုးပတ်ဝိုင်းများဖြင့် တီးမှုတ်ကခုန်ကာ ထမနဲပွဲကို နွှဲပျော်ကြသူများလည်း ရှိပါသည်။

အလားတူ မိမိတို့လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေမှူး ဦးအောင်နိုင်ထွန်းနှင့် ဇနီး ဒေါ်ငယ်မိသားစုသည်လည်း ဖေဖော်ဝါရီ ၆ ရက် တပို့တွဲလပြည့်အကြိုညက ယခင်နှစ်များနည်းတူ အနီးအနားအိမ်နီးချင်းများနှင့် ပူးပေါင်းကာ ထမနဲပွဲ ဆင်နွှဲခဲ့ကြသည်။ အလှူအတန်း အစဉ်စိတ်အားထက်သန်လေ့ရှိကြသည်နှင့်အညီ မည်သူမှတိုက်တွန်းနှိုးဆော်ချက်မယူဘဲ နှစ်စဉ်လုပ်ကိုင်ကာ ဘုရားကပ်၊ လူပရိသတ် ကျွေးမွေးခြင်းဖြင့် ပီတိနှလုံးရယူသူဖြစ်သည်။ နေအိမ်သို့ မလာရောက်နိုင်သူများကို အိမ်တိုင်ရာရောက် အိမ်စေ့ပို့ဆောင် ဝေငှပေးသည်ကိုလည်း တွေ့ရသည်။

အဆိုပါညက ရှမ်းပြည်နယ်ဆောင်းအချမ်းများ အနီးသို့ပင်မသီနိုင်ဘဲ ထမနဲ မွှေယောက်မများကိုယ်စီဖြင့် ဆီတရွှဲရွှဲ ထမနဲများနှင့်အပြိုင် လူတစ်ကိုယ်လုံးချွေးရွှဲရွှဲရှိနေသည်ကို တွေ့ရသည်။ လူငယ်တို့၏ အိုးစည်၊ ဒိုးပတ်သံ မြိုင်မြိုင်ကလည်း အနီးအနားသို့ လွှင့်ပျံ့နေခဲ့သည်။ မြန်မာ့ရိုးရာ ဒိုးပတ်သံတလှိုင်လှိုင်ရှိသည်နှင့် ၁၀ ဒယ်မျှသော ထမနဲအိုးကြီးများ ပြီးစီးသည်ပင် အမှုမထားနိုင်ကြ၊ နာရီကြည့်လိုက်မိကာမှ သန်းခေါင်သို့ တိုင်ခဲ့ကြောင်းသိရ၍ မိမိမှာ အလှူရှင်မိသားစုနှင့် ထပ်တူထပ်မျှ သာဓုအနုမောဒနာ ပြုရပါသည်။ (၅၃၃)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၂၀ "ဆိုလာစွမ်းအင်များ"

နေ့လယ်ပိုင်း

- ၁၁း၄၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၅၅)**
- ၁၂း၂၀ "ရဟန်းစားရသော ဆွမ်းတစ်နပ်" (ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ်) (ဒါရိုက်တာ-မောင်နှင်းမိုး)
- ၁း၃၀ "စိမ်းလန်းသောကမ္ဘာမြေဆီသို့"
- ၂း၀၅ "ရင်သွေးငယ်များ ကျန်းမာဖို့ ဝက်သက်ရောဂါတိုက်ဖျက်စို့"

ညပိုင်း

- ၄း၂၀ "လောကရဲ့ အလှရတနာ"
- ၄း၃၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၀၀ "ဖွံ့ဖြိုးမှုအလှပန်းစုံညီ ရန်ကုန်တိုင်းဌာနီ" "ဖွံ့ဖြိုးဝေစည်တိုင်းဧရာဝတီ"
- ၅း၁၅ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၂၀ ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၃၂)
- ၆း၅၀ တစ်မျက်နှာ တစ်ကွက်စာ "စိတ္တဇဆေးလုံး" (မင်းသူ၊ သြဇာမင်း၊ ပြည့်ဖြိုး၊ ပိုးဒါလီ၊ သီရိရှင်းသန့်) [ဒါရိုက်တာ-မေတင် (MMG)]
- ၈း၀၀ ပြည်တွင်းသတင်း -ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၉၇) **-နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ" (အပိုင်း-၂၀)** -ရင်ခုန်လက်ကမ်း တေးသစ်လမ်း

မြတ်ရွှေတိဂုံ ဗုဒ္ဓပူဇနိယ "ခြင်း" ပူဇော်ပွဲ

တင်မောင်ငွေ(သန်လျင်)

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ယူကျင်းပသည့် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ တစ်နည်းအားဖြင့် ရိုးရာခြင်းလုံးဝါသနာရှင်များ စုပေါင်း၍ မြန်မာ့ရိုးရာ ခြင်းခတ်ပညာဖြင့် စေတီတော်ကြီးအား ပူဇော်ခြင်းပင်ဖြစ်သည်။**(အောက်ပုံ)**

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်းကို ရိုးရာမပျက်ထိန်းသိမ်းလာခဲ့သည်မှာ ရွှေရတုပင် ကျော်ခဲ့ချေပြီ။ အဆင့်ဆင့်သော အမှုဆောင်ပုဂ္ဂိုလ်ကြီးများ၏ ထိန်းသိမ်းစောင့်ရှောက်ခဲ့မှုကြောင့် ယနေ့ မြန်မာ့ခြင်းပညာသည် ကမ္ဘာကပင် နှစ်သက်လက်ခံလာကြပေသည်။ ယခုလည်း ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပူဇော်ပွဲတွင် ဘုရားပွဲလာမိဘပြည်သူများ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်းအား ကြည့်ရှုနိုင်စေရန် အထူးဆင်ယင်ကျင်းပခြင်းပင်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာခြင်းအလှခတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲက ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ခေတ္တရာကွင်း၌ ရိုးရာပုံစံဖြင့် ကျင်းပခဲ့သည်။ အဖွဲ့ချုပ် နာယက ဦးထွန်းလင်းသောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်း(ချိန်လိန်ကိန်းခြင်းရုံ)နှင့် အကယ်ဒမီစင်ရော်မောင်မောင်တို့က ဖဲကြိုးဖြတ်၍ တစ်မူထူးခြားစွာဖွင့်လှစ်ခဲ့သည်။

ခြင်းပွဲတော် ကျင်းပရာ စင်မြင့်ရှေ့ ဧည့်သည်တော်များရှေ့တွင် နာမည်ကျော်ခြင်းမင်းသားများဖြစ်ကြသည့် ခေတ္တရာအောင်အောင်၊ ဝါသနာလုလင်အောင်စိုးမိုး၊ တက်သစ်စလူငယ်များဖြင့် ခြင်းခတ်ဝိုင်းတစ်ဝိုင်းစီ၊ စင်မြင့်ထက်တွင် ပန်းမြတ်သီတာ၊ ဇာနည်မယ်ဖြူဖြူဝင်း၊ အကယ်ဒမီယုယုနိုင်၊ တင်နီလာဝင်း၊ မြင့်စန္ဒာ စသော ခြင်းမင်းသမီးလေးများက တစ်ကိုယ်တော်(တစ်ပင်တိုင်)အစွမ်းပြ ခတ်ကစားနေကြ

သည်။ အနောက်ဘက်သို့ကြည့်လျှင် ဘျောင်ကြီးဗွေများနှင့် ရှေးမင်းညီမင်းသားများက နေရာယူထားကာ ခြင်းခတ်ကစားခြင်းဖွင့်ပွဲကို ရိုးရာသမိုင်းဆန်ဆန်ဖြင့် ဖွင့်လှစ်ခဲ့သည်။

မြန်မာ့ရိုးရာ ပြည်ချစ်မယ် ပေါက်ကျော်မ ဆိုင်းဝိုင်းကြီးက တီးခတ်သောအားမာန်ပြည့်သည့် ဗိန်းဗောင်းသံနှင့်အတူ စင်ပေါ်တွင် ခတ်ကစားနေကြသည့် ရိုးရာခြင်းသမားများကလည်း ချွေးတရွှဲရွှဲ၊ ပရိသတ်၏ လက်ခုပ်သံများကလည်း တဖြောင်းဖြောင်း၊ ကြေညာသူ၏ အပြောကလည်းကောင်းနှင့် မြန်မာ့ခြင်းပွဲတော်မှာ အထူးစည်ကားလှ၏။

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲတော် ကျင်းပရေးဗဟိုကော်မတီကို ဥက္ကဋ္ဌ ဦးထွန်းမင်း၊ အထွေထွေအတွင်းရေးမှူး ဦးရဲအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့် စသည့် အဖွဲ့ဝင် ၁၉ ဦးတို့ဖြင့် စနစ်တကျ ဖွဲ့စည်းခဲ့သည်။ ညီညွတ်ခြင်းသည် "အား" တစ်ခုဖြစ်သည်နှင့်အညီ ရိုးရာခြင်းလုံးခတ်ကစားခြင်းသည် အခြားသော အားကစားနည်းများနှင့်မတူဘဲ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ခင်မင်ရင်းနှီးမှုကိုရစေခြင်း၊ ကျန်းမာရွှင်လန်း၍ အသက်ရှည်ခြင်း၊ ခြင်းလုံးခတ် ကစားခြင်းမှ ရရှိသော ချစ်ခင်ရင်းနှီးမှုသည် ပို၍ခိုင်မြဲခြင်းတို့ကြောင့် လေ့ကျင့်ကစားသင့်သည့် အားကစားဖြစ်သည်။ သို့ဖြင့် ခြင်းလုံးလည်းခတ်ပါဟူ၍ အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကကြီး ဦးစိုးတင့် ၏ မှတ်တမ်းစကားများအား မှတ်သားရင်း နှစ် (၂၆၀၀)ပြည့် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မြန်မာ့ရိုးရာ ခြင်းပညာဖြင့် ပူဇော်သော မြန်မာ့ရိုးရာခြင်းလုံးအသင်းများနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့အား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်တည်ဆောက်ရေး။

မြန်မာကာရာအိုကေ၊ အငြိမ့်၊ လက်ဝှေ့ခိုးကူးချပ်များ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့ပါဝင်သော တိုင်းဒေသကြီး ခိုးကူးခွေ တားဆီးရေးအဖွဲ့ (Anti-Piracy Team)သည် ဖေဖော်ဝါရီ ၂၁ ရက်တွင် တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက်နေ ဦးဖြိုးဝေလင်း၏တိုက်ခန်းမှ မြန်မာသီချင်းခိုးကူး VCD ကာရာအိုကေ အချပ် ၈၅၀၀၊ ဆင်ဆာမဲ့မြန်မာအငြိမ့်၊ ကာတွန်း၊ ပြဇာတ် DVD အချပ် ၄၅၀၊ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း အချပ် ၅၁၀၀၊ OLD Enough to be their Mother စာတန်းပါ ဆင်ဆာမဲ့ နိုင်ငံခြားညစ်ညမ်း DVD ခြောက်ချပ် စုစုပေါင်း ၁၄၀၅၆ ချပ်၊ ပိုစတာကာဗာစက္ကူမျိုးစုံအရွက် ၁၀၀၀ နှင့် ရောင်းရငွေကျပ် ၂၇၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် လှိုင်မြို့နယ် ပါရမီလမ်းနှင့် ဦးဘိုးမှန်လမ်းထောင့်နေ ဦးစိုးဝင်း (ခ)ပါဝါနှင့် အလုပ်သမား ဦးကျော်နိုင်အေးတို့ထံမှ မြန်မာသီချင်း ခိုးကူး DVD ကာရာအိုကေ အချပ် ၆၄၀၀၊ မြန်မာသီချင်းခိုးကူး VCD ကာရာအိုကေ အချပ် ၂၀၀၀၊ ဆင်ဆာမဲ့ ရန်အောင်နှင့် နတ်သမီးများ သီချင်းခိုးကူး DVD အချပ် ၁၆၀၊ ဆင်ဆာမဲ့မြန်မာအငြိမ့် DVD အချပ် ၂၀၀၀၊ ဆင်ဆာမဲ့တရား DVD အချပ် ၁၀၀၀၊ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း DVD အချပ် ၁၁၂၀၀၊ ဆင်ဆာမဲ့နိုင်ငံခြား ညစ်ညမ်း DVD အချပ် ၁၆၀ စုစုပေါင်း အချပ် ၂၂၉၂၀နှင့် ရောင်းရငွေကျပ် ၂၂၈၀၀၀ တို့ကိုလည်းကောင်း၊ ဦးစိုးဝင်း(ခ) ပါဝါထံသို့ ခိုးကူးချပ်များ လာရောက်ပေးသွင်းသည့် ဦးချစ်မောင်လမ်း ဆရာစံ(မြောက်အနောက်) ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးအောင်ကျော်ထွန်းထံမှ မြန်မာသီချင်းခိုးကူး VCD ကာရာအိုကေ အချပ် ၃၀၀၊ Asus အမျိုးအစား ၁၄ လက်မ မော်နီတာ တစ်လုံး၊ Epson အမျိုးအစားတံဆိပ်ပါ ကာလာပရင်တာ တစ်လုံး၊ System Box တစ်လုံး၊ Keyboard, Mouse နှင့် Computer ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့ပြင် ဖေဖော်ဝါရီ ၂၉ ရက်တွင် မြေနီကုန်း (တောင်)ရပ်ကွက် မဟာဗောဂလမ်းနေ ဆိုင်တာဝန်ခံ ဦးခင်ဇော်(ခ)အရှည်ကြီးထံမှ မြန်မာသီချင်း ခိုးကူး DVD ကာရာအိုကေ အချပ် ၈၀၀၀၊ မြန်မာသီချင်း ခိုးကူး VCD ကာရာအိုကေ အချပ် ၇၅၀၀၊ ဆင်ဆာမဲ့ တရားခွေ အချပ် ၁၀၀၀၊ ဆင်ဆာမဲ့ အငြိမ့်၊ ကာတွန်း၊ လက်ဝှေ့ DVD အချပ် ၁၅၀၀၊ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်း DVD အချပ် ၂၄၀၀၀၊ စုစုပေါင်း အချပ် ၄၂၀၀၀၊ ဆင်ဆာမဲ့ အငြိမ့်၊ ကာတွန်း၊ လက်ဝှေ့ DVD ကာဗာအရွက် သုံးသိန်းနှင့် ရောင်းရငွေကျပ် ၂၉၀၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ယင်းအမှုများအတွက် သက်ဆိုင်ရာရဲစခန်းတွင် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးခိုးကူးခွေတားဆီးရေးအဖွဲ့မှ ယခုကဲ့သို့ ဖမ်းဆီးဆောင်ရွက်နေသကဲ့သို့ မြို့နယ်ခိုးကူးခွေတားဆီးရေးအဖွဲ့များကလည်း မိမိတို့မြို့နယ်အလိုက် ဖမ်းဆီးရေး ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ကိုသိန်းနိုင်(ရုပ်ရှင်)

ရန်ကုန်မြို့ တာမွေမြို့နယ် စက်ရုံလမ်း အခန်း(၃) အမှတ်(၁၈၀/၁၉၀) အခန်း(၃)နေ ဦးမောင်မောင်- ဒေါ်နော်နော်(ဇာနည်ညီနောင်ဆေးဆိုင်)က ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံစဉ်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၂၆ ရက်က သာကေတမြို့နယ် (၄/တောင်) ရပ်ကွက် ရပ်ကွက်စာကြည့်တိုက်၌ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမင်းနောင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (၅၃)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရွှေခြသေ့်မှန်လုံယာဉ် တိမ်းမှောက် လေးဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရ

သာစည် မတ် ၃

သာစည်မြို့နယ် တောင်ပေါ်ပြည်ညောင်ရွာ မြစ်ဆုံကွေ့အနီးတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက တောင်ကြီး-မိတ္ထီလာ ရွှေခြသေ့် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ခရီးသည်လေးဦး ပွဲချင်းပြီးသေဆုံး၍ ၁၆ ဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ကြီးမှ ခရီးသည် ၃၀ ခန့်တင်ဆောင်၍ မိတ္ထီလာမြို့သို့ အေးမောင်(ခ) ကိုရင်ကြီး(၄၀)နှစ် မောင်းနှင်သော နီဆန်းအမျိုးအစား ရွှေခြသေ့်မှန်လုံယာဉ်သည် သာစည်မြို့နယ် တောင်ပေါ် ကြပ်စခန်းကျေးရွာနှင့် ပြည်ညောင်ကျေးရွာကြား မိုင်တိုင်အမှတ်(၄၇/၃)နှင့်(၄၇/၄)ကြား မြစ်ဆုံကွေ့အနီးအရောက်တွင် စတီရင်ယာတိုင် ပြန်ကွေ့မရဖြစ်ပြီး တစ်ဖက်ချောက်ထဲသို့ ထိုးကျသွားရာ ကားပေါ်တွင် စီးနင်းလိုက်ပါလာသည့် မြင်းခြံမြို့နယ် သဘော်ပင်ကျေးရွာနေ(အဘ) ဦးသိန်းမောင်၏ သမီး မစန်းစန်းအေး (၃၅)နှစ်၊ ရွှေညောင်မြို့ အမှတ်(၁) ရပ်ကွက်နေ (အဘ)ဦးဘို၏ သမီး ဒေါ်ညွန့်ရီ(၅၆)နှစ်၊ မိတ္ထီလာမြို့ပျဉ်သာကျေးရွာနေ(အဘ)ဦးဝင်းမြင့်၏ သား မောင်ဇော်(၂၇)နှစ်(စပယ်ယာ)နှင့် မိတ္ထီလာမြို့ ရှားပင်ကျေးရွာနေ(အဘ) ဦးထွန်းမြိုင်၏ သား ကိုအောင်စိုး(၃၀)နှစ် တို့မှာ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ကြပြီး အမျိုးသမီးရှစ်ဦးနှင့် အမျိုးသားရှစ်ဦးတို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြသည်။ ဒဏ်ရာရှိသူများကို ယင်းမာပင်နှင့် သာစည်မြို့နယ် ပြည်သူ့ဆေးရုံကြီးတို့တွင် အတွင်းလူနာအဖြစ် တင်ပို့ကုသပေးထားသည်။

အမှုကို ယင်းမာပင်ရဲစခန်းမှ ပ-၁၈/၂၀၁၂/ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၀၄-က/၃၃၈/၃၃၇ဖြင့် ယာဉ်မောင်း အေးမောင်(ခ)ကိုရင်ကြီးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၄၂၅)

ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်၌ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကုမ္ပဏီကြို/ပို့ယာဉ် တောင်းအေ့စ် ၈ဇ/--- သည် ကမ်းနားလမ်းမှ သိမ်ဖြူလမ်းသို့အကွေ့တွင် ကမ်းနားလမ်းအတိုင်း မောင်းလာသော ကုန်သေတ္တာတင်ယာဉ် ၃ခ/--- နှင့်တိုက်မိကာ တောင်းအေ့စ် ကားဘေးစတီးကိုင်းများ ကျိုးပဲ့ပျက်စီး၍ ကုမ္ပဏီဝန်ထမ်း အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာများရရှိသွားပြီး အမှုကို သက်ဆိုင်ရာက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံး

ရန်ကုန် မတ် ၃

ဖေဖော်ဝါရီ ၂၃ ရက် နံနက် စောစောပိုင်းက သင်္ဃန်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး၌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တတိယနှစ် ကျောင်းသားတစ်ဦး ကားတိုက်ခံရ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီခွဲခန့်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ဇင်ဝေဖြိုး (၁၉)နှစ် မုဒုံမြို့နေသူသည် သူငယ်ချင်းများနှင့်အတူ သွပ်ဝိုင်းကြီးရပ်ကွက် နေထိုင်ရာအဆောင်မှ ထွက်၍ ထမင်းကြော်ဝယ်စားပြီး အဆောင်သို့ အပြန်တွင် သင်္ဃန်းကျွန်းဘက်မှ သုဝဏ္ဏဘက်သို့ သံသုမာလမ်းအတိုင်း မောင်းလာသော ကားနံပါတ်ပြုတ်ကျကျန် ယာဉ်အမှတ် (၂ခ/. . .) ယာဉ် အမျိုးအစား(စုံစမ်းဆဲ) ယာဉ်သည် နောက်ဘက်မှ ဝင်တိုက်ပြီး တိမ်းရှောင်သွားခဲ့ရာ ယာဉ်တိုက်မှုကြောင့် မောင်ဇင်ဝေဖြိုး ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ တာဝန်ရှိသူများနှင့် ပြည်သူများက သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ တင်ပို့ကုသရာ ဦးခေါင်းတွင် သွေးယိုစီးမှုဖြင့် နံနက် ၃ နာရီ မိနစ် ၂၀ ခန့်တွင် သေဆုံးခဲ့သည်။ ၎င်းယာဉ်တိုက်မှုနှင့်ပတ်သက်၍ သုဝဏ္ဏရဲစခန်းမှ အမှုဖွင့်အရေးယူထားခဲ့ပြီး ယာဉ်တိုက်ပြီး မောင်းပြေးသွားသော ယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးနိုင်ရေး သုဝဏ္ဏရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး ယင်းနေ့မှာပင် စုံးစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ယာဉ်အမှတ် (၂ခ/. . .) (PAJERO) ဖြစ်ပြီး ယာဉ်မောင်း လင်းထွန်းဦး (၃၅)နှစ် (၁၁)ရပ်ကွက် လှိုင်မြို့နယ်နေသူအား ဖော်ထုတ်ဖမ်းဆီးမိ၍ အရေးယူနိုင်ရန် သုဝဏ္ဏရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၅၀၆)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

○ရွှေဖုံးမှ

မြေလျှင်လှုပ်မှု ဖြစ်ပွားခဲ့သည်။

ဘာရီမင်တက္ကသိုလ်မှ ဂါရိုးလ်ဝေဖာ ဦးဆောင်သော အဖွဲ့ဝင် ၃၃ ဦးပါ သုတေသနအဖွဲ့သည် ပင်လယ်ရေအောက်မြေလျှင်လှုပ်ခဲ့ရာ ပင်လယ်ကြမ်းပြင်တည်နေရာတွင် စူးစမ်းလေ့လာမှုများ ပြုလုပ်မည်ဖြစ်သည်။

သိပ္ပံပညာရှင်များ အဖွဲ့သည် ရက်သတ္တလေးပတ်ကြာမြင့်မည့် သုတေသနခရီးစဉ်ကို စတင်နိုင်ရန် မတ် ၈ ရက်တွင် ဂျပန်နိုင်ငံ ယိုကိုဟားမား ပင်လယ်ဆိပ်ကမ်းမှ ထွက်ခွာမည်ဖြစ်သည်။

ပူးတွဲသုတေသနအဖွဲ့သည် ဂျာမနီနိုင်ငံမှ သုတေသနသင်္ဘောဖြစ်သော "ဆွန်း"အမည်ရှိ သင်္ဘောဖြင့် ကွင်းဆင်းလေ့လာမည်ဖြစ်ပြီး ဂျာမနီအစိုးရက သုတေသနခရီးစဉ်အတွက် ရန်ပုံငွေထောက်ပံ့ပေးမည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် ဘာရီမင်တက္ကသိုလ်မှသုတေသီများ တည်ဆောက်ခဲ့သော မောင်းသူမဲ့ရေငုပ်သင်္ဘောကို အသုံးပြုကာ မြေလျှင်လှုပ်ခဲ့ရာ ပင်လယ်ကြမ်းပြင်နေရာတွင် လေ့လာမည်ဖြစ်သည်။

မာရမ်ဆီးလ်အမည်ရှိ မောင်းသူမဲ့ရေငုပ်သင်္ဘော၌ နောက်ဆုံးပေါ်နည်းပညာသုံး ဆိုနာကိရိယာပါရှိပြီး မီတာ ၂၀၀၀ အနက် အောက်ရှိ ပင်လယ်ကြမ်းပြင်ကို မြေပုံထုတ်ယူမည်ဖြစ်သည်။ မြေလျှင်ဗဟိုချက်ပြုရာနေရာရှိ ပင်လယ်ကြမ်းပြင်ပုံသဏ္ဌာန်ပြောင်းလဲမှုကို သုတေသနပြုလေ့လာသွားမည်ဖြစ်သည်။

အင်တာနက်။

နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်

နေပြည်တော် မတ် ၃

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်ကျင်းပသည့် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ဇေယျာသီရိမြို့နယ် အောင်ဇေယျမူလွန်အမကဘ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၈၇ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် သင်တန်းနည်းပြအဖွဲ့ခေါင်းဆောင်တို့က အမှာစကားပြောကြားခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၈ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လတပေါင်း သို့မဟုတ် လွမ်းရတုမိန့်သဘင်

ဝိသဇ္ဇက (ပဲခူး)

တပေါင်းသာခေါင် လမျှားနောင်ဟူသော ဆိုစကားနှင့်အညီ တပေါင်းလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် နောက်ဆုံးလဖြစ်သည်။ "တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်ဖဂ္ဂုဏ၊ သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ" ဟူသော ကင်းဝန်မင်းကြီး၏ သံပေါက်စာအရ မိန်ရာသီ တပေါင်းလတွင် သဲပုံစေတီပွဲ ကျင်းပကြသည်။ သရဖီပန်းများလည်း ဖူးပွင့်ဝေဆာကြသည်။

"ဥတ္တရဖလဂုဏ်က၊ တိမ်ဘုံမှာ ရောင်ခြည်လင်းလို့၊ လမင်းသော်တာနှင့် တူမကွာ ထိန်ဝါလင်းထွန်းတဲ့ခါကို" စာဆိုနှင့်အညီ ဥတ္တရဖလဂုဏ်နက္ခတ်နှင့် ငွေသော်တာလမင်းတို့အတူ ယှဉ်တွဲထွန်းလင်းကြသည်။ ရာသီဥတု သာယာကြည်နူးဖွယ်ဖြစ်ရကား လူသားတို့သာမက သဲသောင်ပြင်ကမ်းစပ်မှာ ဝမ်းဘဲ၊ ရွှေစင်ရော်တို့ မ၊ ဖို ခေါ်ထူး၍ မြူးထူးပျော်ရွှင်ကြသည့် တပေါင်းလဖြစ်သည်။

ပထမဆုံးကဗျာရှင်ကြီးတစ်ဆူ ဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်ဘုရားရှင်သည် "ဝနပ္ပဂုမ္ဗေ၊ ယသဖုဿိတဂ္ဂေ၊ ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ"ဟူသော ရတနသုတ်တော်ဖြင့် တပေါင်းလကို နွေဦးပေါက်၏ အသာယာဆုံးလဟု ဖွဲ့ဆိုထားပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့သည် ထူးမြတ်သောနေ့တစ်နေ့ဖြစ်သည်။ အကြောင်းကား သာကီဝင်မင်းမျိုး ရဟန္တာပေါင်း ၁၀၀၀၀ ပြည့်သောနေ့ဖြစ်သည်။ ဖွားဖက်တော် ကာဠုဒါယီ ရဟန္တာဖြစ်သောနေ့လည်းဖြစ်သည်။ ထို့အပြင် မြတ်ဘုရားရှင်သည် ရဟန္တာနှစ်သောင်းဖြင့် ယူဇနာ ၆၀ (မိုင် ၇၂၀) ရှိသော ခရီးကို တစ်နေ့လျှင် တစ်ယူဇနာ(တစ်နေ့လျှင် ၁၂ မိုင်)ခရီးဖြင့် မြေပြင်ကပင် ကပ္ပိလဝတ်ပြည်သို့ ခြေကျင်ဖြင့် လျှောက်လှမ်းကာ ကြွတော်မူသည့် ခရီးအစဖြစ်သည်။

လမ်းလျှောက်၍ ခြေကျင်သွားခြင်းသည် အကျိုးများစွာရှိ၏။ တစ်နေရာတည်း၊ တစ်ခုတည်းသော ပတ်ဝန်းကျင်၌ ကြာမြင့်စွာမနေခြင်းကြောင့် ငြီးငွေ့၍ လေးလံသောရုပ်တို့ကို ပြေစေ၊ ပေါ့ပါးစေသည်။ သွေးလေတို့ကို သွက်လက်စွာ လှုပ်ရှားစေသည်။ ဆီး၊ ဝမ်းကို မှန်စေ၏။ နေရာအာရုံအသစ်အသစ်တို့ ပြောင်းလဲနေသည့်အတွက် အာရုံတစ်ခုတည်း၌ စွဲနေသောစိတ်ကို လွတ်မြောက်စေသည်။ အမြဲမပြတ် လမ်းလျှောက်နေခြင်းဖြင့် အသစ်အာရုံတို့၌လည်း ကြာမြင့်စွာ ဆုံတွေ့ခွင့်၊ ပေါင်းဆုံခွင့်မရသည့်အတွက် အာရုံသစ်၌လည်း ငြိတွယ်ခွင့်မရ။ လွတ်မြောက်ပေသည်။ မပြတ်စီးဆင်းနေသော ရေသည် သန့်ရှင်းပါသည်။ ရပ်နေသော ရေသည် ညစ်လာတတ်ပါသည်။ နောက်ပါ ရဟန္တာမြတ်တို့အား လမ်းလျှောက်၍ ခြေကျင်သွားကြခြင်း၏ အကျိုးများကို သိစေချင်သည်။

လမ်းတစ်လျှောက်တွင် သစ်ပင်သစ်ရိပ်တို့၏ စိမ်းစိမ်းစိုစို ညို့ညို့မှောင်မှောင်အား မြတ်ဘုရားနှင့် ရဟန္တာတို့၏ သက်န်းတော်မှ ဝါဝင်းသော ရွှေရောင်ခြည်တို့က လွှမ်းမိုးလျက် ရှိနေသည်။ ဟိမဝန္တာမှ အေးမြမြတိုက်ခတ်သည့် ဆောင်းနှောင်း၏ မြောက်လေပြည်ကလည်း အမောကို ဖြေသိမ့်ပေးနေသကဲ့သို့ဖြစ်သည်။ တောတောင်တို့၏ ခိုတောင်လိုလို ညိုမှောင်နေသည့် သဘာဝပေါ်ဝယ် မြူလည်းမဆိုင်း၊ မီးခိုးလည်းမဝိုင်း၊ ဆီးနှင်းလည်းမဆိုင်းဘဲ အသူရိန်နှင့် တိမ်ကင်းစင်သည့် ပုဏ္ဏမီလဝန်းက ဆွတ်ဖျန်းလိုက်သော ရောင်ခြည်တို့သည် မြတ်ဘုရားရှင်နှင့် ရဟန္တာတို့အား ငွေရည်၊ ဘော်ရည်များ သွန်းဖျန်းထားသကဲ့သို့ ဖွေးဖွေးဖြူကာ လင်းလက်လျက်ရှိနေပါတော့သည်။

ထိုသို့ သာယာလျက်ရှိလှသော သစ်ပင်သစ်ရိပ်တို့၏ အေးမြကြောင်းကို နောက်ပါရဟန္တာတော်တို့က ချီးမွမ်းလေသော် သစ်ပင်၏ အရိပ်အာဝါသထက် ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အမိအဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်အထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှသည့် အရိပ်ကို ဖော်ညွှန်းသည့် တပေါင်းလဖြစ်ပါ၏။

မြတ်ဘုရားရှင်မွေးရပ်မြေမှ ထွက်ခွာခဲ့သည်မှာ ခုနစ်နှစ်တင်းတင်းပြည့်သော ၁၀၄ ခုနှစ် ကဆုန်လပြည့်နေ့၌ ဇာတိဌာနေ ကပ္ပိလသို့ ပြန်ရောက်ပါသည်။ ခမည်းတော်၊ မိထွေးတော်၊ ဆွေတော်၊ မျိုးတော်တို့က ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုကြပါသည်။ ရွှေနန်းဥကင် ရာဇပလ္လင်ထက်၌ တက်စံတော်မူစဉ် ခမည်းတော်နှင့်တကွ နန်းတော်ရှိ မောင်းမခြွေရံ အားလုံးတို့က ညွတ်တွားရိုကျိုး ရှိခိုးပူဇော်ကြကုန်၏။

ရောင်ခြည်တော်ခြောက်ဆိုင်၊ သင်းကျစ်တော်မှ ဖဝါးတော်သို့တိုင်အောင် မအံ့သြနိုင်သော မောင်တော်မြတ်ဘုရား၏ အသရေတို့ကို တိုက်ခန်းသလွန်ထက်မှ မြင်ရသော ယသောဓရာ မင်းသမီးသည် လွမ်းမော ဆွတ်လတ်၊ ကြည်ညွတ်၍ ပရိဒေဝ ငိုကြွေးမိတော့သည်။ သို့ပါသော်လည်း မြတ်ဘုရားထံပါးသို့ အများနည်းတူ သွားရောက်ဖူးမြော်ခြင်း မပြုချေ။

"ရှိသေရာတွင် နှမသွင်သို့၊ တိုင်ပင်ရာတွင် မိတ်ဆွေသွင်သို့၊ အိပ်စက်ရာတွင် ပြည့်တန်ဆာသွင်သို့၊ လုပ်ကျွေးရာတွင် ကျွန်မသွင်သို့၊ စောင့်ရှောက်ရာတွင် မိခင်သွင်သို့ ငါးပါးထင်ရှားပြည့်စုံငြားပြီး ဆင်းရဲမကွာ၊ ချမ်းသာမခွဲ၊ လင်ကိုတွဲသော်၊ တော်ဝင်ထိုက်အပ် မိန်းမမြတ်တည်း" လက္ခဏာတို့ဖြင့် ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက် မွန်မြတ်စွာဖြင့် ပါရမီဖြည့်ဆည်းခဲ့ပါသည်။

"မိန်းမအားလုံး အခွင့်အခါ ဆိတ်ကွယ်ရာ ဖိတ်ခေါ်သူ အကယ်၍ ရငြားအံ့၊ မကောင်းမှုကိုပြု၏" စသော အဆုံးအမဖြင့် အခွင့်အခါသုံးပါးကို မပစ်မှားခဲ့ပါ။ အမရာနှလုံးမူကာ ညီညွတ်၍ ရှိခဲ့ပါ၏။

မောင်တော်သည် နိမိတ်လေးပါး မြင်သော်ငြားတွင် စက်ဆုပ်စွာဖြင့် ငြိမ်းချမ်းရာသို့ ထွက်ခွာသွားသော်လည်း မောင်တော်ရှိတော်မူစဉ်ကကဲ့သို့ ခယပြုမြဲ ညတိုင်း၊ နေ့တိုင်း ပြုနေပါ၏။ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီးကြား၍ ဖန်ရည်စွန်းသော အဝတ်ကိုလည်း ဝတ်ခဲ့ပါ၏။ တစ်ထပ်သာ စားသည်ကို ကြား၍ တစ်ထပ်သာ စားနေပါ၏။ အခင်းနေရာ ဖယ်သည်ကိုကြား၍ နိမ့်သော ညောင်စောင်းမှာသာ အိပ်ပါ၏။ ပန်းနံ့သာ အနံ့အထုံတပ်မက်ခြင်းမရှိဟူ၍ ကြားသည်မှ ပန်းနံ့သာ လိမ်းကျံခြင်း မပြုတော့ပါ။ အဆွေအမျိုး၊ မင်းညီမင်းသား၊ တစ်ပါးသူတို့ မြောက်စားမွေးမြူပါအံ့ဟု ကမ်းလှမ်းဆိုပါသော်လည်း တစ်ယောက်ကိုမျှ စိတ်ဝင်စားမှုမရှိ နေခဲ့ပါ၏။

ဤသို့လျှင် ကျင့်ကြံကာ ပါရမီဖြည့်ဆည်းခဲ့ပါသည်။ အစဉ်အဆက် သံသရာတစ်လျှောက်တွင် မောင်တော်ထံသို့ သွားခဲ့သည်မဟုတ်ပါ။ မောင်တော်ကသာလျှင် နှမတော်ရှိရာသို့ လာခဲ့ရိုးထုံးစံရှိခဲ့ပါ၏။ အကယ်၍ ကျေးဇူးရှိသည်ကို ထောက်မျှော်ပါလျှင်၊ သနားတော်မူပါလျှင် နှမတော်ရှိရာသို့ ကိုယ်တိုင်ဝင်၍ ကြွလာလိမ့်မည်။ သို့ကြွလာမှ ပူဇော်ပါမည်ဟု ဆို၍သာ မိမိတိုက်ခန်း ရတနာသလွန်၌သာ နေလေ၏။

ရှေးရှေးယခင်ဘဝ နုစဉ်ကပင် သွားလည်းလက်ဆက်၊ စက်လည်းတစ်အုံး၊ မဒ္ဒီနှလုံးပမာ ပါရမီရှင် ဖြစ်ခဲ့သည့် "သာဘရိယာနိဗ္ဗုတာ"၏ ပရိဒေဝတို့အား ငြိမ်းအေးလို၍ အဂ္ဂသာဝက နှစ်ပါးကို ခေါ်တော်မူလျက် ယသောဓရာမင်းသမီး၏ တိုက်ခန်းရတနာ သလွန်ထက်သို့ ကြွမြန်းစံတော်မူလေသည်။

"ထိုအခါ ယသောဓရာမင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာလာ၍ ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နမ်းကာ နမ်းကာ ချင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာ မျက်နှာမျက်ရည်မဆည်နိုင်ပြီး ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်းပြန် လန်လုမတတ် ဆံဖြင့်ပွတ်သပ်ပါးဖြင့်အပ်၍ အထပ်ထပ်ရှိခိုးလေသတည်း။"

ဤကဲ့သို့ ရွှေတောင်မြို့ ကျီးသဲရွာ လေးထပ်ကျောင်းဆရာတော်ကြီး၏ ဇိနတ္ထပကာသနီကျမ်းလာ စကားပြေသည် ဖတ်ရသူတိုင်းကို သည်းအူခိုက်မျှ ဖြစ်စေခဲ့ပါ၏။ ယသောဓရာမင်းသမီး၏ တပေါင်းအလွမ်းသည် အလွမ်းတကာထဲတွင် အလွန်ကဲဆုံးဖြစ်သည်ဟု တင်စားရပါတော့မည်။

စာဆိုနဝဒေးကြီးက "ကြူကြူပျံ့မွှေး၊ လေပြည်သွေးက၊ ကြိုင်မွှေးပျံ့လှောင်း၊ ပန်းပေါင်းပေါ်စ၊ တပေါင်းလဝယ်၊ နှမစိတ်တူ၊ အိမ်သူကျွမ်းဝင်၊ နောင်သခင်ကို၊ တိမ်ပြင်ပြည့်မျှ၊ မဆင်းရခဲ့" စသော အလွမ်းဖြင့် လည်းကောင်း၊ ရတုဘုရင် နတ်သျှင်နောင်သည် "စံပယ်ဖြူမွှေး၊ စံကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်၊ ရွှေးလျက်ရွှရွှ မဆင်ရတည့်" ဟူ၍ လည်းကောင်း၊ ကိုယ်တိုင်ပန်ဆင်ပေးချင်ပုံနှင့် စစ်မြေပြင်ကနေ အိမ်သူသက်ထားလွမ်းကြပုံများကို ရတုသွယ်ထားကြပါသည်။

"စုံတစ်ခိုဝယ်၊ လေချိုဝန်းလု၊ လွမ်းရတု၌၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ စိမ့်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံသည်၊ အမုံချပ်ရပ်၊ ငုံဖူးကပ်၍၊ လှည့်ပတ်လက်တံ၊ လောင်းပန်းကျန်မှု၊ လွန်ပဟံတင့်ဆုံ၊ ပြရိခြုံလျက်၊ မှိုင်းမှုန်ဆင်လာ၊ ခဲမုတ္တာနှင့် ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊သည်ချိန်ခါကို သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုမြူးမှောင်ခဲ့" စသည်ဖြင့် ပါရမီရင့်လှပြီဖြစ်သော ကျမ်းတတ်အကျော် ရှင်ဥတ္တမကျော်က အလွမ်းစာဖွဲ့နွဲ့ထားသကဲ့သို့ ရှင်မဟာရဋ္ဌသာရ အရှင်မြတ်ကလည်း "ချိုးနှစ်ဖော်မူ၊ ရှင်ပျော်စမြဲ၊ လည်ချင်းတွဲ၍၊ မကွဲတူကွ၊ နေသည်စသော၊ ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ" စသည်ဖြင့် အပူငွေ့တဝေဝေနှင့် အန်ထုတ်ခဲ့ပြီး အချစ်ရေးထက် ဘာသာရေးကို ဦးစားပေးကာ ကျန်ရစ်သော အမာရွတ်ကို နှမလက်လျှော့ နေလေတော့ဟု ရတုနှင့်လည်း ကုစားခဲ့ပြီဖြစ်ပါ၏။

တပေါင်း၏ လွမ်းစရာအလှသည် ကပ္ပိလဝတ်ပြည်မှ စခဲ့သည်ဟု ဆိုရပါမည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားဘုရားကို ဖခင်၏ ချစ်ခြင်းဖြင့် လွမ်းသည်။ သမီးတော် ယသောဓရာမင်းသမီးက မိဖုရား၏ ချစ်ခြင်းဖြင့် လွမ်းသည်။ ဤသာယာသော တပေါင်းလသည် သောတာပန်မထေရ်မြတ်တို့ပင် မဆည်နိုင်မျက်ရည်တို့ကား ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရသည့်လဟု တင်စားထားကြပါသည်။ တချို့ကလည်း ကိုယ့်အသည်းကို ကိုယ်မပိုင်သော လရာသီဟု ဆိုပါသည်။

ရွက်ဟောင်းတို့ကြွေ ရွက်သစ်တို့ဝေကာ ချိန်ရာသီတို့လည်း ပြောင်းခဲ့ပြီ။ သဘာဝစာဆိုကြီးများလည်း အနားယူကုန်ကြပြီ။ သဘာဝတေးများ ရင့်ကြွေးခဲ့သော စာဆိုကြီးများ၏နှုတ်ကား လှုပ်ရှားမှုမရှိကြတော့ပါ။ မမြဲသော သဘောတရားတို့သည် တပေါင်းလရာသီ၌ပင် ရှိနေလေ၏။ ထိုတရားကို သိလေလျှင် လွမ်းချင်စရာ၊ ဆွေးချင်စရာ ဟူသမျှတို့အား တပေါင်းလရာသီကပင် တရားပြပြီး ဖြစ်နေပါတော့သည်။ ။

ဖိတ်ခေါ်အမျိုးသား အမျိုးသမီး အလွတ်တန်း စက်ဘီးပြိုင်ပွဲ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် မတ် ၃

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်ရွှေပြည်ကုမ္ပဏီလီမိတက် (M.S.P Co., Ltd.)နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၂ ခုနှစ် ဖိတ်ခေါ်အမျိုးသား အမျိုးသမီး အလွတ်တန်း စက်ဘီးပြိုင်ပွဲကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယခု ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာစက်ဘီးအားကစားသမားများ အောင်မြင်မှုရရှိရေးရည်ရွယ်လျက် စံချိန်စံညွှန်းစမ်းသပ်သည့် အကြိုပြိုင်ပွဲတစ်ရပ်လည်းဖြစ်ပြီး အမျိုးသား ကီလိုမီတာ ၁၂၀ တာဝေးပြိုင်ပွဲ၊ အမျိုးသမီး ကီလိုမီတာ ၁၀၀ တာဝေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး (Mountain Bike-Cross Country & BMX) ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် စက်ဘီးအားကစားမောင်မယ်များသည် မတ် ၂၃ ရက်နောက်ဆုံးထား၍ နေပြည်တော် ရွှေကြာပင်အားကစားလေ့ကျင့်ရေးစခန်း မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းသန်း ဖုန်း- ၀၉-၇၃၀၅၆၇၁၀၊ ၀၆၇-၄၃၂၄၅၃ နှင့် ၀၉-၄၉၂၀၃၃၀၃ တို့သို့ ပြိုင်ပွဲဝင် အမည်စာရင်းပေးသွင်းပြီး စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့မ ကြက်တောင်ရိုက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃

မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်းကဦးစီး၍ အခြေခံကြက်တောင်ရိုက်နည်းသင်တန်း အမှတ်စဉ် (၁၁)ကို မတ် ၅ ရက်(တနင်္လာနေ့)တွင် သင်တန်းစမည်ဖြစ်ပြီး နေ့စဉ် (တနင်္လာနေ့)မှ (သောကြာနေ့)အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မြတ်မွန်ရတနာခန်းမ မြို့မ ကျောင်းသား ကျောင်းသူဟောင်း အသင်းတိုက်၊ သင်တန်းမှူး ဦးစိုးမြင့်(ငှက်ခါး)ဖုန်း-၂၅၀၁၂၃နှင့် ၇၃၀-၁၁၇၀၇ တို့သို့ စာရင်းပေးသွင်းနိုင်သည်။

(ကြေးမုံ)

▼ ကျောဖုံးမှ

နေပြည်တော်အသင်းမှာ ရလဒ်ကောင်းများ ဆက်တိုက်ရနေပြီး အဝေးကွင်းတွင် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ၁၆ မိနစ်တွင် မင်းမင်းထွန်း၊ ၂၀ မိနစ်တွင် ဝျှန်နသန်တို့က နေပြည်တော်အတွက် ဂိုးများ စတင်သွင်းယူခဲ့ပြီး ၈၈ မိနစ်တွင် နူနက်ဇ်က ကမ္ဘောဇအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး
(ရာဇာဝင်းသိန်းနှင့် မလာဒန်)
ရတနာပုံ-နှစ်ဂိုး
(ပိုင်စိုးနှင့် ကိုနေး)

လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရတနာပုံအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ သရေရလဒ်ဖြင့် ပြီးဆုံးသွားခဲ့သည်။ မြန်မာယူ-၂၃ အသင်းတွင် ပါဝင်သွားသည့် ကြည်လင်း၊ ကောင်းစည်သူနှင့် ရန်အောင်ဝင်းတို့မှ လွဲ၍ ရန်ကုန်အသင်းမှာ လူစုံထုတ်ခဲ့ပြီး ရတနာပုံအသင်းကလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ရင်ဆိုင်ခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ရန်ကုန်အတွက် ဂိုးများကို နှစ်မိနစ်တွင် ရာဇာဝင်းသိန်းနှင့် ၅၀ မိနစ်တွင် မလာဒန်တို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက် ဂိုးများကို ၂၂ မိနစ်တွင် ပိုင်စိုးနှင့် ၃၄ မိနစ်တွင် ကိုနေးတို့က သွင်းယူခဲ့သည်။

(မုံရွာကွင်း)
ဇေယျာရွှေမြေ-သုံးဂိုး
(ဆာဆာ-နှစ်ဂိုး၊ ချက်ဝူဇူ-တစ်ဂိုး)
မကွေး-ဂိုးမရှိ
(အောင်ဆန်းကွင်း)
ဇွဲကပင်ယူနိုက်တက်-တစ်ဂိုး
(ကျော်သီဟ)
ရက္ခပူရယူနိုက်တက်-ဂိုးမရှိ
ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ချင်းယူနိုက်တက်နှင့် မနောမြေ

◆ ဘရက်ဒ်ပစ်မှ

ဘရက်ဒ်ပစ်သည် ၎င်းပါဝင်သရုပ်ဆောင်ထားသော Moneyball ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုအတွက် အမည်စာရင်း တင်သွင်းခံရခြင်းကြောင့် အော်စကာဆုပေးပွဲသို့ တက်ရောက်လာခြင်းဖြစ်ပြီး ဂျိုလီမှာ အော်စကာဆုရ အနုပညာရှင်များ အမည်ကို ကြေညာပေးရန် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

'ဒ' အက္ခရာမော်တော်ယာဉ်များ စတင်အပ်နှံ

မန္တလေး မတ် ၃

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်အို၊ ယာဉ်ဟောင်းများ အပ်နှံခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးလျက်ရှိရာ 'ဒ'အက္ခရာမော်တော်ယာဉ်များ အပ်နှံမှုလက်ခံဆောင်ရွက်ပေးလျက် ရှိသည်။ **(အပေါ်ပုံ)**

မန္တလေးတိုင်းဒေသကြီး အတွင်း တောင်ပိုင်းခရိုင်၌ အစီး ၆၆၀၊ မြောက်ပိုင်းခရိုင်၌ ၃၉၉ စီး၊ မိတ္ထီလာခရိုင်၌ ၁၅၄ စီး၊ မြင်းခြံခရိုင်၌ ၇၇ စီး၊ ကျောက်ဆည်ခရိုင်၌ ၈၃ စီး၊ ရမည်းသင်းခရိုင်၌ ၂၀ စီး၊ ပြင်ဦးလွင်ခရိုင်၌ အစီး ၅၀ စုစုပေါင်း ၁၄၄၄ စီးရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှာဖွေရေးတွင်း ပြည်သာအမှတ် (၁) စတင်တူးဖော်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E & P Pte ., Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် ရှာဖွေရေးတွင်း ပြည်သာအမှတ်(၁) စတင်တူးဖော်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလုပ်ကွက်ရှိ Doo Sung Semi-Submersible တွင်းတူးစက်ပေါ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ MPRL E&P Pte ., Ltd. မှ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တွင်းတူးစက်ရှင်းလင်းဆောင်၌ MPRL E & P ကုမ္ပဏီ၏ Technical Manager Dr. Eloi Dolivo က တွင်းတူးဖော်မည့် အစီအစဉ်များနှင့် မြေအောက်ဘူမိအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က လိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တွင်းတူးစင်ထိန်းချုပ်ရေးစက်ခန်းအတွင်းမှ မင်္ဂလာအချိန်တွင် စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးသည်။

တူးဖော်စမ်းသပ်မည်

MPRL E & P ကုမ္ပဏီသည် ၂၀၀၉၊ ၂၀၁၀ ခုနှစ်များအတွင်း ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် 2D နှင့် 3D ဆိုက်စမစ်တိုင်းထွာရေးလုပ်ငန်းများဆောင်ရွက်၍ အစမ်းတွင်းနေရာများရွေးချယ်ကာ ယင်းတို့မှ အစမ်းတွင်းအမှတ် ပြည်သာအမှတ်(၁)ကို အနက် ၄၅၈၅ ပေအထိ တွင်းဖြောင့်တူးဖော်ပြီး အနက် ၅၀၉၄ ပေအထိကို တွင်းကောက်တူးဖော်သွားမည်ဖြစ်သည်။ ခန့်မှန်းတွင်းတူးဖော်ရက် ၃၅ ရက်ခန့် ကြာမြင့်မည်ဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းရန်အလားအလာရှိသော Pliocene နှင့် Miocene သက်တမ်းရှိ “ လ” Prospect လွှာတွန့်ခုံးအနေအထားအား တူးဖော်စမ်းသပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်တူးဖော်

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ Doo Sung Semi-Submersible တွင်းတူးစက်ပေါ်၌ ကမ်းလွန် လုပ်ကွက်အမှတ် A-6 ရှာဖွေရေးတွင်း “ပြည်သာအမှတ်(၁)” တွင်းတူးစင်ထိန်းချုပ်ရေးစက်ခန်း အတွင်း၌ စက်ခလုတ်နှိပ်၍ စတင်တူးဖော်ပေးစဉ်။ (စွမ်းအင်)

လမစေ့ မွေးဖွားလာသူကလေးများ ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ပိုမိုကြုံတွေ့လွယ်

လန်ဒန် မတ် ၃

ကိုးလလွယ် ၁၀ လဖွား မဟုတ်ဘဲ ရက်သတ္တပတ် အနည်းငယ်မျှ စော၍ မွေးဖွားလာသော ကလေးများသည် နေ့စေ့ လစေ့ မွေးဖွားလာသည့် ကလေးများထက် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုဖြစ်ပေါ်လွယ်တတ်ကြောင်း သုတေသနပြုလုပ်ချက်တစ်ရပ်က မေ ၃ ရက်တွင် တင်ပြထားသည်။ **(အပေါ်ပုံ)**

အထက်ပါ သုတေသနပြုလုပ်ချက်၏ ရလဒ်သည် ရက်သတ္တ ၃၇ ပတ်ကြာ ကိုယ်ဝန်လွယ်၍ မွေးဖွားခဲ့သည့် ကလေးများနှင့် နေ့စေ့လစေ့မွေးဖွားခဲ့သော ကလေးများအကြား ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ကွဲပြားခြင်းမရှိဟူ၍ လက်ခံထားပြီး အမြင်များကို စိန်ခေါ်လာကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ၁၀ နှစ်က မွေးဖွား၍ အသက် ငါးနှစ်အထက်ရှိ ကလေး ၁၄၀၀၀ အား လေ့လာသုံးသပ်ပြုစုထားသော အဆိုပါ သုတေသနရလဒ်ကို ဗြိတိသျှဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

သုတေသနပြုလုပ်ချက်ရလဒ်များအရ ကိုယ်ဝန်လွယ်၍ ရက်သတ္တ ၃၉ ပတ် မတိုင်မီ မွေးလာသော ကလေးများသည် အသက် ငါးနှစ်အထက် အသက်အရွယ်များ၌ ကျန်းမာရေးဆိုင်ရာ ပြဿနာများအား ပိုမိုကြုံတွေ့ရလွယ်ကူကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၈) ဒုတိယနေ့

နာမည်ကြီးကမ္ဘောဇအသင်း အိမ်ကွင်းတွင် ရှုံးပွဲကြုံ လက်ရှိချန်ပီယံရန်ကုန်နှင့် ထိပ်ဆုံးမှ ရတနာပုံတို့ သရေကျ

တောင်ကြီး မတ် ၃

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၈)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။ (အောက်ပုံ)

(KBZကွင်း)

နေပြည်တော် - နှစ်ဂိုး

(မင်းမင်းထွန်းနှင့် ဂွန်နသန်)

ကမ္ဘောဇ - တစ်ဂိုး

(နူနက်ဇ်)

ခုနစ်ပွဲဆက်တိုက်ရှုံးပွဲမရှိသေးဘဲ ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် ကမ္ဘောဇအသင်းမှာ မမျှော်လင့်ဘဲ အိမ်ကွင်းတွင် ရှုံးပွဲကြုံတွေ့ပြီး ပထမဆုံးအရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ အမာခံကစားသမားများဖြစ်သည့် ကျော်ဇေယျာဝင်း၊ လစ်ပီလစ်ပီ၊ ဟန်ဆန်၊ မိုင်းအိုက်နိုင်နှင့် သိန်းသန်းဝင်းတို့ မပါဝင်နိုင်၍ ကမ္ဘောဇအသင်းမှာ အားပျော့နေခဲ့ပြီး ရှုံးခဲ့ရခြင်းဖြစ်သည်။ ယခုရာသီမတိုင်မီက ပြင်ဆင်မှုများစွာပြုလုပ်ထားသည့်

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ▼



မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ဘရက်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီ တွဲ၍ ဇာတ်ကားတစ်ကားရိုက်ရန် စီစဉ်လျက်ရှိ

နာမည်ကျော် ဟောလိဝုဒ်စုံတွဲတစ်တွဲဖြစ်သည့် ဘရက်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီတို့က ပူးပေါင်း၍ ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးရန်စီစဉ်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

၎င်းတို့စုံတွဲသည် ၂၀၀၅ ခုနှစ်က Mr. & Mrs. Smith ဇာတ်ကားတွင် ပူးတွဲသရုပ်ဆောင်ခဲ့ကြပြီး ယင်းဇာတ်ကားသည်လည်း နာမည်ကျော် လူကြိုက်များသည့် ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။ အိန်ဂျလီနာဂျိုလီက ယခုအချိန်တွင် နောက်ထပ် ဇာတ်ကားတစ်ကား ပူးတွဲရိုက်ကူးရန် ယုံကြည်မျှော်လင့်နေသည်။

အသက်(၃၆)နှစ်ရှိ အိန်ဂျလီနာဂျိုလီက ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သည့် အော်စကာဆုပေးပွဲသို့ တက်ရောက်လာစဉ် ၎င်းတို့ဇနီးမောင်နှံ ပူးပေါင်းရိုက်ကူးရေးနှင့်ပတ်သက်၍ မိမိတို့နှစ်ဦး ပူးတွဲရိုက်ကူးရန် အစီအစဉ်ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးလျက်ရှိကြောင်း၊ သို့သော် မိမိတို့ရိုက်ကူးမည့် ဇာတ်ကားမှာ အချစ်၊ ဟာသဇာတ်ကားမျိုး မဟုတ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ◆

အော်စကာဆုပေးပွဲသို့ တက်ရောက်လာသည့် ဘရက်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီ။